# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်နေ့ | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၁၂၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## လှည်းကူးမြို့နယ်အတွင်း လယ်ယာမြေဧက ၆၅၀၀ ကို အကျိုးပြုနိုင်မည့် ဒါးပိန်ရေထိန်းတံခါးသစ်ဖွင့်လှစ်



ဒါးပိန်ရေထိန်းတံခါးသစ်ကို တွေ့ရစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၃

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ပြီးစီးခဲ့သည့် ဒါးပိန်ရေထိန်းတံခါးကို လှည်းကူးမြို့နယ် ဒါးပိန်မြောက်ကျေးရွာရှိ အဆိုပါရေထိန်းတံခါး၌ ဖေဖော်ဝါရီ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

အပေါက်ခြောက်ပေါက်ပါ အဆိုပါ ဒါးပိန် ချောင်းရေထိန်းတံခါးဖွင့်လှစ်ပေးမှုကြောင့် လှည်းကူးမြို့နယ် ဒါးပိန်မြောက်ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေဧက ၆၅၀၀ ကို နွေစပါးရာသီတွင် စိုက်ပျိုးရေပေးဝေနိုင်ခြင်း၊ တစ်သီးစား၊ နှစ်သီးစား၊ သီးထပ်စိုက်ပျိုးနိုင်ခြင်း၊ မိုးရာသီတွင် လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ခြင်း၊ မြို့နယ်အတွင်း လိုအပ်သော သောက်သုံးရေများ

*စာမျက်နှာ ၄ ကော်လံ ၄* ❖

## ယနေ့ ဖတ် စ ရာ


**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ**

ပြည်တွင်းသတင်း | စာ ၆

**ရေဝပ်ဒေသများတည်တံ့ဖို့ ခုချိန်ကစ ပြန်လည်တည်ထောင်ထိန်းသိမ်းစို့**

ဆောင်းပါး | စာ ၁၆

**ဥရုဂွေးနိုင်ငံ၌ မိုးခေါင်မှုကြောင့် ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ဆုံးရှုံးမှုဖြစ်ပေါ်**

နိုင်ငံတကာသတင်း | စာ ၁၃



## ငပလီကမ်းခြေ သဘာဝခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် စာနီတောင် ဆင်စခန်းဖွင့်

သံတွဲ ဖေဖော်ဝါရီ ၃

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ရခိုင်ပြည်နယ် သံတွဲသစ်ထုတ်လုပ်ရေးဒေသ စာနီတောင် ဆင်စခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ဆင်စခန်းဝင်းအတွင်း၌ ပြုလုပ်သည်။

အဆိုပါဆင်စခန်းသည် ငပလီမြို့နှင့် ခြောက်မိုင်အကွာ သံတွဲ-ဂွကားလမ်းမကြီးဘေး သံတွဲ မြို့အထွက်တွင် တည်ရှိပြီး ၄ ဒသမ ၃၆ ဧက ကျယ်ဝန်းကြောင်း သိရသည်။ စာနီတောင်ဆင်စခန်း ဖွင့်လှစ်ရခြင်းမှာ ငပလီကမ်းခြေသို့ အပန်းဖြေအနားယူရန် လာရောက်သည့် ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များအား အမှီပြု၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း တစ်ခု

*စာမျက်နှာ ၄ ကော်လံ ၄* ◆



မြန်မာ့အလင်း

# ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ကို ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းလိုက်ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များတွင်လည်း ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ အဆိုပါ အပြောင်းအလဲများအားလုံးသည် နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူလူထုအားလုံး၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ ချမှတ်ထားခြင်းဖြစ်ပြီး အန္တိမရည်မှန်းချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို ပြန်လည်လွှဲအပ်ရန်အတွက်ကိုမူ အပြောင်းအလဲမရှိ မပျက်မကွက် ချမှတ်ထားသည်ကို တွေ့ရှိနိုင်သည်။

ယနေ့ မိမိတို့နိုင်ငံအတွက် ဦးစားပေးလိုအပ်ချက်သည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရေးပင် ဖြစ်သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့က ကျင်းပသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃) တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှစတင်၍ မဲစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံး/ဒဏ်ရာရမှုများ ပိုမိုများပြားလာခဲ့ပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ တင်ပြချက်များအရ ၁၀၀ ရာခိုင်နှုန်း တည်ငြိမ်အေးချမ်းသည့် မြို့နယ် ၁၉၈ မြို့နယ်၊ လုံခြုံရေးအလေးထားဆောင်ရွက်ရမည့် မြို့နယ် ၆၇ မြို့နယ်၊ လုံခြုံရေး ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် လိုအပ်သည့် မြို့နယ် ၆၅ မြို့နယ်ရှိကြောင်းကို သိရှိရပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုဟူသည် မြို့ပေါ်တစ်ခုတည်းမရပါကြောင်း၊ ကျေးလက်ဒေသ၊ မြို့နယ်အဆင့်ထိ အကျုံးဝင်ပါကြောင်း" ထည့်သွင်းတင်ပြခဲ့ရာ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကို တွက်ဆကြည့်နိုင်သည်။ မြို့ရွာဒေသများအားလုံး တည်ငြိမ်အေးချမ်းရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့်အလျောက် ဥပဒေမဲ့အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ဖျက်ဆီးမှုများနှင့် ဆူပူသောင်းကျန်းမှုများကို ဥပဒေနှင့်အညီ အရေးယူတားဆီးသွားရမည်ဖြစ်ပြီး ပြည်သူလူထု၏ ပူးပေါင်းကူညီမှုဖြင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်သွားရမည်ဖြစ်သည်။

ပြည်သူလူထုကို ဗဟိုပြုကာ လူမှုစီးပွားဘဝလုံခြုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့သည် ဒီမိုကရေစီစနစ်အခိုင်အမာ တည်ဆောက်ရေးတွင် အခြေခံကျသော လိုအပ်ချက်များဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်းရှိ ကျေးလက်မြို့ပြဒေသများအားလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ရာ အကြမ်းဖက်အဖျက်အမှောင့်များ ကင်းရှင်းရေးအတွက် ပြည်သူ့အားဖြင့် ဖယ်ရှားနိုင်ကြပါစေကြောင်း။ ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၇ / ၂၀၂၃
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ် တိုးရီအား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ပေးအပ်သည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေးချားလင့်ပေး ကုမ္ပဏီလီမိတက် (Brand Name- Trusty E-Commerce)၊ ဇီကိုပေးကုမ္ပဏီလီမိတက် (Brand Name- Zego Money) နှင့် အင်တာနက်ဝေါလက် မြန်မာလီမိတက် (Brand Name-OK$) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုကို ဘဏ်ဝန်ဆောင်မှုနှင့် လက်လှမ်းမမီသည့် နေရာ၊ ကဏ္ဍများအထိ ရယူအသုံးပြုနိုင်ရန်၊ ဘဏ်များနှင့် ပူးပေါင်း၍ ခရိုင်၊ မြို့နယ်များအထိ ဘဏ်များ၏ Network ကိုဖြန့်ကြက်ဆောင်ရွက်နိုင်ရန်၊ အများပြည်သူမှ QR Code ဖြင့် ပေးချေမှုများကို လွယ်ကူစွာ အသုံးပြုနိုင်ရန်နှင့် ရောင်းသူနှင့် ဝယ်သူအကြား ငွေပေးချေခြင်း ဆောင်ရွက်ရာတွင် ကြားခံအနေဖြင့် ကောက်ခံပေးသည့် တတိယအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရန် ရည်ရွယ်၍ နေးချားလင့်ပေး ကုမ္ပဏီလီမိတက်၊ ဇီကိုပေး ကုမ္ပဏီလီမိတက်နှင့် အင်တာနက်ဝေါလက် မြန်မာလီမိတက်တို့ကို ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ထုတ်ပေးခဲ့သည်။

လိုင်စင်ရ ကုမ္ပဏီများအနေဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု မရောက်ရှိသည့်နေရာ၊ ဒေသ၊ အလွှာစုံ၊ နယ်ပယ်စုံ၊ ဧရိယာစုံအထိ ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ငွေသားကိုင်တွယ် သုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ချင်းပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လည်းကောင်း ခေတ္တတည်းခိုနေထိုင်မည့် နေပြည်တော် လေ့ကျင့်ရေးစခန်း (အားကစားကျေးရွာ)သို့ ရောက်ရှိကြသည်။




အဆိုပါ ယဉ်ကျေးမှုအဖွဲ့များကို ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် အနုပညာဦးစီးဌာနတို့က အတီး၊ အမှုတ်၊ အကများဖြင့် ကြိုဆိုခဲ့ပြီး ခေတ္တတည်းခိုနေထိုင်ရေးအတွက်နေရာထိုင်ခင်းများ၊ စားသောက်ရေးများ စီစဉ်ဆောင်ရွက်ပေးကြသည်။

အဆိုပါ ယဉ်ကျေးမှုအဖွဲ့များသည် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတက်ရောက်ပြီး ရိုးရာ အဆို၊ အကအလှများ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် အေးချမ်းပျော်ရွှင်စွာ အကတိုက် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ စေတီပုံထင်းမီးပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိုးနဲ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော စေတီပုံထင်းမီးပူဇော်ပွဲကို လွိုင်မြေရပ်ကွက်ရှိ ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်း၌ တပို့တွဲလပြည့် (ဖေဖော်ဝါရီ ၄ ရက်) ည ၈ နာရီတွင် စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထင်းမီးပူဇော်ပွဲကို ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော်နှင့် ဆရာဒါယကာ၊ ဒါယိကာမများပူးပေါင်းကာ ဆောင်ရွက်မည်ဖြစ်ပြီး ယခင်နှစ် စေတီပုံထင်းမီးပူဇော်ခြင်းအပြင် ဝက်ပါပတ်ဆီမီးပူဇော်ခြင်းကိုလည်း ထည့်သွင်း၍ စည်ကားစွာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် မြတ်စွာဘုရားရှင်အား ရည်မှန်းကာ စေတီပုံထင်းမီးပုံပြုလုပ်၍ ထင်းမီးပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

တပို့တွဲလတွင် အအေးဓာတ်လွန်ကဲမှုကြောင့် အေးချမ်းလှသည့် ရာသီတွင် မြတ်စွာဘုရားရှင်အား သက်တော်ထင်ရှားအဖြစ်နှင့် အအေးဓာတ်သက်သာစေရန် ရည်ရွယ်အာရုံပြုကာ အနွေးဓာတ်နှင့် ပူဇော်ကုသိုလ်ယူခြင်းဖြစ်ကြောင်း၊ ရှားသားအစား မျိုးခြားသစ်သားနှင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ပြုလုပ်ပူဇော်ပုံခြင်း၊ ကွဲပြားခြားနားခြင်းများရှိနိုင်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

**ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်း ထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း တက်ရောက်ကြည့်ရှုအားပေးသည်။**

ထမနဲထိုးပြိုင်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ယနေ့ကျင်းပသော စုပေါင်းထမနဲထိုးပြိုင်ပွဲကို မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းခြင်းနှင့် ပြည်ထောင်စု တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စည်းလုံးညီညွတ်မှုအားကို ဖော်ကျူးသည့်အနေဖြင့် လည်းကောင်း၊ အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ၏ စည်းလုံးညီညွတ်မှုအင်အားကို ဖော်ဆောင်သည့်အနေဖြင့် လည်းကောင်း၊ ကုသိုလ်ကောင်းမှု တစ်ရပ်အနေဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်သူများအားလုံး စည်းလုံးညီညွတ်စွာ တစ်သားတည်းရှိနေသည့် ပြယုဂ်တစ်ခုအနေဖြင့်လည်းကောင်း စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက ပထမဆုရရှိသော ပြည်နယ်စာရင်းစစ်ချုပ်ရုံးကို ဆုပေးအပ်ချီးမြှင့်စဉ်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ ထမနဲထိုးပြိုင်ပွဲကို စတင်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထမနဲထိုးပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက နှစ်သိမ့်ဆုရရှိသော အသင်းများကို လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးက တတိယဆုရရှိသော ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဒုတိယဆုရရှိသော စိန်ပန်းရပ်ကွက်ကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက ပထမဆုရရှိသော ပြည်နယ်စာရင်းစစ်ချုပ်ရုံးကို လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ် ရပ်ကွက်(၂၂) ရပ်ကွက်၊ အေးသာယာ၊ ရွှေညောင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ ၇၇ သင်း စုစုပေါင်း ၁၀၁ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဦးစီးဌာနများအလိုက် ပြိုင်ပွဲဝင်အသင်းများ၏ တပျော်တပါး ထမနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုရရှိသည့်အသင်းများကို ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပစဉ်။



# နိုင်ငံခြားရေးဝန်ကြီးဌာန အငယ်တန်းအမှုထမ်းများ အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် အငယ်တန်းအမှုထမ်းများ အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သင်တန်းဆင်း အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၉ ရက်မှ ဖေဖော်ဝါရီလ ၃ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်ပို့ချ ပေးခဲ့ခြင်းဖြစ်ပြီး အသစ်ခန့်အပ်လိုက်သည့် အငယ်တန်း အမှုထမ်းများအတွက် အခြေခံရုံး လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာများ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ကောင်စစ်ရေးရာများ၊ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အခြေခံဗဟုသုတများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် (Software) အသုံးပြုနည်း သင်တန်းဆင်းပွဲ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၃

**တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှု စနစ် (Software) အသုံးပြုနည်း သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးတပ် (ရွာတော်) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။** (ယာပုံ)

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရုံးများမှ သင်တန်းသားအရာရှိများအနေနှင့် သင်တန်းတွင် ပို့ချပေးခဲ့သော မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်နှင့်စပ်လျဉ်းပြီး စနစ်တကျ အသုံးပြုဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးသည် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အရေးကြီးပြီး အဓိကကျသည့်လုပ်ငန်းပင် ဖြစ်ကြောင်း၊ ကော်မရှင်အနေနှင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဩဂုတ်လမှစတင် ဆောင်ရွက်ခဲ့ကြောင်း၊ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကိုလည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဆောင်ရွက်ပြီး ရရှိလာသည့် စာရင်းများကို ကနဦး မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းစနစ် ( IVLS) နှင့် ထပ်မံစိစစ်ဆောင်ရွက်ခဲ့ပြီး စိစစ်တွေ့ရှိချက်များကို လစဉ် လူဦးရေ အတိုး/အလျော့ စာရင်းပြုစုခြင်း၊ အချက်အလက်များ ပြင်ဆင်/ဖြည့်စွက်ခြင်း၊ Cross-Check စိစစ်ခြင်းများကို တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း။

**စနစ်တကျကြီးကြပ်**

မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်အသုံးပြုခြင်းဖြင့် မဲဆန္ဒရှင်စာရင်းများပြုစုရာ၌ အဆင်ပြေလွယ်ကူစွာဖြင့် တိတိကျကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များအနေနှင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်း၊ စစ်ဆေးခြင်းများကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပြီး ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများဖြစ်စေရေး အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ထို့အပြင် ကော်မရှင်အနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် လုပ်ငန်းစဉ် (၅)နှင့်အညီ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပေးနိုင်ရေး အဆင်သင့်ဖြစ်နေစေရန် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။

**လေ့လာပြင်ဆင်ထား**

လာမည့် ရွေးကောက်ပွဲများကျင်းပရာတွင် PR စနစ်ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ပြောင်းလဲကျင့်သုံးမည့် စနစ်နှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေး လေ့လာပြင်ဆင်ထားကြရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ဝန်ထမ်းအင်အား ဖြည့်တင်းခြင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရန် သင်တန်းများ ပို့ချခြင်း၊ မဲရုံများ တွက်ချက်ပြင်ဆင်ခြင်း၊ မဲရုံသုံးပစ္စည်းများ တွက်ချက်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ မတိုင်မီ အကြိုကာလ၌ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ကြိုတင်မျှော်တွေး၍ ပြင်ဆင်ဆောင်ရွက်ထားမှသာ ရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲလုပ်ငန်းများကို အဆင်ပြေပြေ ချောချောမွေ့မွေ့ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

သို့ဖြစ်၍ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို နှံ့နှံ့စပ်စပ် လေ့လာကြရန်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်း၌ အမှားအယွင်း မရှိစေရေး ဂရုတစိုက် အလေးအနက်ထား ဆောင်ရွက်ကြရန်၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တိုင်းသည် အချိန်ကာလသတ်မှတ်ချက်နှင့် ဆောင်ရွက် ရခြင်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်တိုင်း အဆင်ပြေချောမွေ့စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် ရှိသည်များကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ထားကြရန်နှင့် လိုအပ်ချက်များ ရှိပါကလည်း အထက်အောက် အချိန်နှင့်တစ်ပြေးညီ တင်ပြညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်မှသာ ကော်မရှင်၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို သင်ခန်းစာယူပြီး မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကို မှန်မှန်ကန်ကန် တရားမျှတစွာဖော်ဆောင်ပေးနိုင်သည့် နိုင်ငံအတွက် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲများဖြစ်စေရေး အလေးထားကြိုးစား ဆောင်ရွက်ကြရန် ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန စတုတ္ထအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ စတုတ္ထအကြိမ်မြောက် ထမနဲထိုး ပြိုင်ပွဲကို ယနေ့တွင် နေပြည်တော် ရုံးအမှတ် (၁) တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အားပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား မြန်မာ့ရိုးရာဓလေ့ကို သိမြင်စေရုံသာမက ဝန်ထမ်းများတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ပျော်ရွှင်မှု၊ ညီညွတ်စွာ စုပေါင်းလုပ်ဆောင်တတ်မှုကို ဖော်ဆောင်လိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ထမနဲထိုးပြိုင်ပွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန နှစ်ခုတို့မှ ဝန်ထမ်းများ ပါဝင်သည့် ပြိုင်ပွဲဝင် အဖွဲ့သုံးဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် အနိုင်ရရှိသောအဖွဲ့များကို ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ရရှိနိုင်ခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ချောင်းကော၊ မြောင်းကော၊ ရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းများ၊ ရေတံခါးတည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်း လုပ်ငန်းများ၊ တာတမံပြုပြင်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် စိုက်ပျိုးရေပိုမိုရရှိလာပြီး ယခင်နွေစပါးစိုက်ပျိုးဧက ၁၈၆၁၃၉ ဧကသာ စိုက်ပျိုးနိုင်သော်လည်း ယခုအခါ ၂၀၅၅၄ ဧကအထိ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရေထိန်းတံခါးကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

◆ *ရှေ့ဖုံးမှ*

ဖွံ့ဖြိုးလာစေရန်၊ ဌာနဝင်ငွေတစ်ဖက်တစ်လမ်းမှ ရရှိနိုင်စေရန်နှင့် ဌာနပိုင်ဆင်များအား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဒေသတာဝန်ခံမန်နေဂျာ ဦးသန်းဝင်းက ပြောသည်။ စာနီတောင်ဆင်စခန်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဆင့်၊ သံတွဲသစ်ထုတ်ရေးဒေသ၊ ဒေသတာဝန်ခံမန်နေဂျာ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဆင်စခန်းရှိ ဆင်များအား အစာများ ကျွေးမွေးကြကာ စခန်းအတွင်းပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းဆင်စခန်းသို့ ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူများ လာရောက်အပန်းဖြေအနားယူလည်ပတ်၍ ဆင်စီးနိုင်ပါကြောင်းနှင့် ဝင်ကြေးအဖြစ် လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ ဆင်စီးလျှင် လူတစ်ဦး ငွေကျပ် ၅၀၀၀ နှုန်းကျသင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃ –** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၃**

၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် တောင်ကြီးမြို့ တောင်ကြီး ဂေါက်ကလပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မြန်မာ့ဂေါက်သီးအားကစား အဆင့်အတန်းမြင့်မားလာစေရန်၊ ဂေါက်သီး အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ် ဂေါက်သီးအားကစား တိုးတက်ရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဂေါက်သီး အားကစားဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း စနစ်တကျကစားနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က SMOKE BALLကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲစတင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာန စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီး ဌာန ရုံးဝင်းအတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင်အသင်းများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ကျင်းပသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲမှာ ၁၂ လရာသီ ပွဲတော်များ၌ စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရသည့် ထူးခြားသော ရိုးရာပွဲတစ်ခု ဖြစ်ပါကြောင်းနှင့် မည်သည့် အရာကိုမဆို စည်းလုံးညီညွတ်မှုဖြင့် ကျော်ဖြတ် အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင် အသင်းများအနေဖြင့် စိတ်အားထက်သန်စွာဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွ ယှဉ်ပြိုင်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် ပြိုင်ပွဲဝင် အသင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို လိုက်လံ ကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိသည့် အသင်းများကို ဆုများ ပေးအပ်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်း သုံးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်ခဲ့ကာ ဝန်ထမ်းများကလည်း အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် ပျော်ရွှင်စွာ အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက် ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညရဋ္ဌဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ထိန်ထိန်ဝင်း ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချပ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာတိလောကရုံကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ လေသာတိုက်သစ်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ပေါ်တော်မူကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မကွေးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ သဒ္ဒမ္မီဒီပကဖျာပုံကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မြို့လယ်ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပညာရေးဝန်ကြီးဌာန ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပညာရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီး ဌာန ရုံးအမှတ်(၁၃)၌ ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဌာန အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ထမနဲထိုး ယှဉ်ပြိုင်မည့် အဖွဲ့များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဦးစီးဌာန အလိုက် ထမနဲထိုးယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထမနဲထိုး ပြိုင်ပွဲကို ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန အသီးသီးမှ စုစုပေါင်း အသင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြရာ ဆရာအတတ်ပညာဦးစီးဌာနက ပထမဆုရရှိပြီး မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာနက ဒုတိယဆု၊ ပြည်ထောင်စု ဝန်ကြီးရုံးက တတိယဆုနှင့်ကျန် အသင်းများက နှစ်သိမ့်ဆုများ ရရှိကြသည်။

အဆိုပါ ဆုများကို ညွှန်ကြားရေးမှူးချုပ်များ၊ အမြဲတမ်း အတွင်းဝန်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကာလိမြို့၌ လူငယ်စကားဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲပြုလုပ်

**ကာလိ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ အသိပညာ ဗဟုသုတများ ရရှိစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လူငယ် စကားဝိုင်းကို အလက(တာကော) ကျောင်း၌ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည်။

လူငယ် စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ထင်ထင်ကျော်က လူငယ် စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ဘဝရည်မှန်းချက်၊ လူငယ်နှင့် ဝါသနာ ခေါင်းစဉ်များဖြင့် ဆွေးနွေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်စာစောင်များ၊ သုတ၊ ရသစာစောင်များ ခင်းကျင်းပြသခဲ့သည်။

**ထင်ထင်(ပြန်/ဆက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူ ဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

**ထပ်မံလှူဒါန်းပူဇော်မည်**

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်သဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်လျက်ရှိရာ (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၂၃ ကျပ်သား ၅ ပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၄၇ ကျပ်သား ၃ ပဲ ၇ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော် ၂ ဆူ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၁၉ ကျပ်သား ၂ ပဲ ၇ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၃၀ ကျပ်သား ၁၂ ပဲ ၆ ရွေး၊ ပုလဲ၊ ပလက်တီနမ်နှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များ၊ ဓာတ်တော်မွေတော် ၁ ဆူ၊ အလှူငွေကျပ် ၁၃၆၂၀၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၆၆ ကျပ်သား ၁၃ ပဲ ၅ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၁ ကျပ်သား ၁၀ ပဲ ၆ ရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၅၇၈၂၅၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၃၆ ကျပ်သား ၃ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၄ ကျပ်သား ၁၃ ပဲ ၁ ရွေး၊ စိန်၊ ပတ္တမြား၊ နီလာ၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်နှင့် ဆုတံဆိပ်များ၊ အလှူငွေကျပ် ၅၁၀၈၆၇၀၀ နှင့် ထိုင်းဘတ်ငွေ ၃၀၀၀၀ ဘတ်တို့ကို ဌာပနာသွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လာရောက် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။





**ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်**

(၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားသည်။ **သတင်းစဉ်**

---

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်း ပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။**

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီး အောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ် မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ် ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ် ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ် ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ် သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ် အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ် ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီး အောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ် အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |

သတင်းစဉ်




# တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။

## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင် မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် SKYNET ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၃

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက် SKYNET ရုံးချုပ်တွင် Myanmar International Radio နှင့် SKYNet TV အစီအစဉ်ထုတ်လွှင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။** (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရွှေသံလွင်ကုမ္ပဏီမှ ဦးမင်းမင်းနှင့် ဦးတင်ဆန်းတို့က Myanmar International Radio ကို FM စနစ်ဖြင့် နေ့စဉ် နံနက် ၆ နာရီမှ ည ၁၂ နာရီအထိ နေ့စဉ် ၁၈ နာရီ ထုတ်လွှင့်နေမှု အခြေအနေ၊ ဝန်ထမ်းရေးရာများနှင့် အုပ်ချုပ်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး MIR Studio အတွင်းရှိ လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Myanmar International Radio တွင် စတူဒီယို(A)၊ စတူဒီယို(B)၊ အသံပိုင်းဆိုင်ရာ စတူဒီယို၊ အသံသွင်းစတူဒီယိုနှင့် အသံတည်းဖြတ်မှုစတူဒီယိုတို့၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးတင်ဆန်းက ကုမ္ပဏီ၏ သမိုင်းကြောင်းနှင့် လက်ရှိဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက MIR FM အနေဖြင့် ပြည်တွင်းမှ ပကတိအခြေအနေ သတင်းမှန်များကို အင်္ဂလိပ်ဘာသာပြန်ဆို၍ ထုတ်လွှင့်တင်ဆက်မှုကို ယခုထက် ပိုမိုလျင်မြန်ထိရောက်စွာဖြင့် ထုတ်လွှင့်တင်ဆက်နိုင်ရေး၊ သတင်းမှန်များကို မီဒီယာကျင့်ဝတ်နှင့်အညီ လျင်မြန်စွာ ထုတ်လွှင့်နိုင်မှုဖြင့် သတင်းတု၊ သတင်းမှား၊ သတင်းယောင် ထုတ်လွှင့်နေမှုများအား တုံ့ပြန်ရှင်းလင်းနိုင်ရေး၊ ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်အပေါ် နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးကို ရှေးရှု၍ စိတ်ကောင်းစေတနာဖြင့် ကြိုးစားဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။



ရွှေသံလွင် ကုမ္ပဏီလီမိတက်သည် MIR FM ထုတ်လွှင့်၍ ပြည်သူကို ဝန်ဆောင်မှုပေးခဲ့သည်မှာ ၂၀၂၃ ခုနှစ် ဇွန် ၁ ရက်တွင် ၅ နှစ်တာကာလသို့ ဝင်ရောက်ခဲ့ပြီဖြစ်ပြီး ရွှေ FM ရေဒီယိုအဖြစ် နာဂစ်ကာလမှ စတင်ထုတ်လွှင့်ခဲ့သည်။ တီဗွီချန်နယ်အပိုင်းတွင် ၂၀၁၀ ပြည့်နှစ်မှ စတင်ထုတ်လွှင့်ခဲ့ပြီး နိုင်ငံခြားဘောလုံးပွဲစဉ်များနှင့် အားကစားပွဲစဉ်များ၊ ပြည်တွင်း အားကစားပွဲစဉ်များ၊ နိုင်ငံခြားဇာတ်လမ်းများ အပါအဝင် ရုပ်သံလိုင်းပေါင်း ၈၀ တွင် နိုင်ငံတကာ ချန်နယ် ၃၃ ခုကို ထုတ်လွှင့်ပြသလျက်ရှိသည်။

သတင်းစဉ်



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၈၇ ဦးကို ၎င်းကျေးရွာရှိ သီရိမင်္ဂလာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၂ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးအကြောရောဂါ ၉၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၇ ဦး၊ မျက်စိရောဂါ ၈၄ ဦးနှင့် သွားရောဂါ ၂၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၅ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၂၉ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၅၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲ သောကြာစကားဝိုင်းကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ပြည်ပတွင် ကျင်းပပြုလုပ်ခဲ့သည့် ကာလတို၊ ကာလရှည်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminarများ၊ အစည်းအဝေးပွဲများသို့ တက်ရောက်စေလွှတ်ခဲ့ရာ အဆိုပါ ဝန်ထမ်းများက ၎င်းတို့တွေ့ကြုံခဲ့ရသော အသိပညာ၊ ဗဟုသုတနှင့် နိုင်ငံခြားပညာသင်များက လေ့လာသင်ယူခဲ့ရသော ဘာသာရပ်များကို မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ပြန်လည်မျှဝေသည့် ဆွေးနွေးပွဲ (Knowledge Sharing Programme – KSP) ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဝန်ထမ်းများစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသိပညာမျှဝေသည့် အစီအစဉ် (Knowledge Sharing Programme) ကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ထမ်းများသည် နိုင်ငံတော်၏ ယန္တရားလည်ပတ်နိုင်ရန် ဆောင်ရွက်နေသော အင်အားစုများဖြစ်သဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်တက်လာခြင်းသည် နိုင်ငံတော်၏လုပ်ငန်းများ စွမ်းဆောင်ရည်ပြည့်ဝစေရေးအတွက် များစွာ အထောက်အကူဖြစ်ပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ စွမ်းဆောင်ရည် မြင့်မားမှုသည် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုအရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများနှင့် လုပ်ငန်းကျွမ်းကျင်မှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲအခမ်းအနားတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲမှ ညွှန်ကြားရေးမှူးက အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများ၏ စီးပွားရေးပေါင်းစည်းမှုဖြင့် ဆောင်ရွက်နေသည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ပေါ်ပေါက်လာမှု၊ ဒေသတွင်း အေအီးစီ အကောင်အထည်ဖော်မှုများနှင့် မြန်မာနိုင်ငံ၏ အေအီးစီ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စိန်ခေါ်မှုများနှင့် အေအီးစီ ၂၀၂၅ အလွန် အာဆီယံက လိုက်ပါဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ အဆင့်မြင့်အရာရှိများ၊ အရာထမ်း / အမှုထမ်းများ Online အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၀၀ ကျော် တက်ရောက်ကြပြီး အသိပညာမျှဝေဆွေးနွေးပွဲ (Friday Talk) ကို အပတ်စဉ် သောကြာနေ့တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း (၂၃) ကြိမ်မြောက် ရွှေပညာဒါန (အခမဲ့) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ ရွှေပညာဒါန (အခမဲ့) ရွှေသင်တန်း အသိပညာပေး သင်တန်းအမှတ်စဉ် (၂၃) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းတွင် ပို့ချမည့်သည့် ဘာသာရပ်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ရွှေတူးဖော်ခြင်း ဘာသာရပ်ကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပို့ချရာ သင်တန်းသူ သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြသည်။ ယင်းနောက် A Family မှ ကျွမ်းကျင်ပညာရှင်များက Digital ရွှေချိန်စက်၊ ရွှေရည်စမ်းစက်၊ Diamond Tester (စိန်စစ်မစစ်စမ်းသပ်သည့်ကိရိယာ ) နှင့် ငွေရေစက်တို့ကို သရုပ်ပြရှင်းလင်းပြသကြသည်။

ရွှေပညာဒါန ( အခမဲ့ )ရွှေသင်တန်း အသိပညာပေးသင်တန်း အမှတ်စဉ် (၂၃)သို့ သင်တန်းသားသင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရှိ ဝန်ထမ်းများသည် အခြားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် အရည်အသွေးမီ ရင်ပေါင်တန်းနိုင်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများကို ဌာနစည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းကို စည်းလုံးညီညွတ်စွာဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများသည် အရာထမ်း၊ အမှုထမ်းများအလိုက် မိမိတို့၏တာဝန်နှင့်ဝတ္တရားများကို ပိုမိုသိရှိလိုက်နာပြီး စေတနာထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ လုပ်ဆောင်ရာတွင် မိသားစုစိတ်ဓာတ်ကို အခြေခံ၍ ဥပဒေဘောင်အတွင်းမှ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် မေတ္တာတရား၊ ကိုယ်ချင်းစာတရား စိတ်ဓာတ်တို့ဖြင့် လက်အောက်ငယ်သားများကို နာယကဂုဏ်များနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲရန် မှာကြားလိုပါကြောင်း၊ လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အမီ ဆောင်ရွက်နိုင်ရေးအတွက် တွန်းအားပေး ကြီးကြပ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဝန်ထမ်းများသည် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုနှင့် အညီ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဝန်ကြီးဌာနတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဇီးကုန်းမြို့နယ်၌ စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

**ဇီးကုန်း ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်မှု၊ ဇီးကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဇီးကုန်းမြို့နယ်နေ အခြေခံလူတန်းစား ပြည်သူများအတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြားဒေသထွက် ဟင်းသီးဟင်းရွက်သီးနှံများကို ယမန်နေ့က ဇီးကုန်းမြို့နယ် စည်ပင်သာယာဈေးရှေ့၌ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဆန်၊ ဆီ၊ ကြက်ဥနှင့် ဒေသထွက် အခြားဟင်းသီးဟင်းရွက်သီးနှံများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်အရောက် ရောင်းချပေးပြီး မိုဘိုင်းစနစ်ဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ ဆက်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပွဲ တက်ရောက်အားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စွမ်းအင်ဝန်ကြီးဌာန၏ မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန စုပေါင်းကွင်း၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး တက်ရောက်အားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဦးစီးဌာန လုပ်ငန်းများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ မြန်မာ့ရိုးရာထမနဲထိုးနေမှုများကို ကြည့်ရှုအားပေးသည်။ **(ဓါတ်ပုံ)**

မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန လုပ်ငန်းများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်အားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ရွှေသံလွင်ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ အဖွဲ့သည် ရွှေသံလွင်ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးမှု၊ ဘိုးဘွားအိပ်ဆောင်များနှင့် အဆောက်အဦများတွင် သက်ကြီးရွယ်အိုများ နေထိုင်မှု၊ အဆောက်အဦများအတွင်း အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေ စသည့်အခြေခံလူ့အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအဖွဲ့သည် ရိပ်သာ၌ လက်ခံ စောင့်ရှောက်ထားသော အဘိုးအဘွား စုစုပေါင်း ၇၂ ဦးကို နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားသည်။ **(ယာပုံ)**



ကော်မရှင်အဖွဲ့ဝင်များ၏ ရွှေသံလွင်ဘိုးဘွားရိပ်သာကို ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (၀)ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ပလက်ဝမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့နှင့် ဖလမ်းမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြပါသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ သီပေါမြို့တွင် ၀ ဒသမ ၀၄ လက်မ ဖြစ်သည်။

မိုး/ဇလ

# ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသော မြန်မာနိုင်ငံသူ/နိုင်ငံသားများကို အမိမြန်မာနိုင်ငံသို့ အောင်မြင်စွာပြန်လည်ခေါ်ဆောင်ခဲ့ပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်း အမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန် မြန်မာနိုင်ငံသား ၆၇၉ ဦးတို့ကို ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် မိမိနေအိမ်များသို့ အမြန်ပို့ဆောင်ပေးရန်နှင့် အလှမ်းဝေးသည့် နေရပ်များသို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးရန် လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းတွင် ကော့သောင်းမြို့သို့ ရောက်ရှိနေသောနေရပ်ပြန် မြန်မာနိုင်ငံသား ၆၇၉ ဦးအနက် တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်သူ နေရပ်ပြန်များကို ကော့သောင်းမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက် ပို့ဆောင်ပေးသည်။ ယနေ့ နံနက်ပိုင်းတွင်လည်း ကော့သောင်းမြို့၌ ရောက်ရှိနေသော ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၇၀ ကို တပ်မတော် (ရေ)မှ စစ်ရေယာဉ် (ကျန်စစ်သား)ဖြင့် တင်ဆောင်၍ ၎င်းတို့အနက် မွန်ပြည်နယ်မှ ၅၂ ဦးကို မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ပို့ဆောင်ပေးမည်ဖြစ်ပြီး ကျန်ရှိသည့် နေရပ်ပြန်များအား ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ဝေးလံသော ရခိုင်ပြည်နယ်မှ နေရပ်ပြန် ၁၁၁ ဦးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ် (အနော်ရထာ)ဖြင့် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့များမှတစ်ဆင့် သက်ဆိုင်ရာမြို့များ အသီးသီးသို့ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်စေရန် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

စစ်ရေယာဉ်များ ပေါ်တွင် လိုက်ပါလာသော နေရပ်ပြန် မြန်မာနိုင်ငံသားများကို စနစ်တကျ နေရာချထားပေးပြီး အာဟာရပြည့် စားသောက်ဖွယ်ရာများ ကျွေးမွေး၍ ကိုယ်လက်လေ့ကျင့်ခန်းများ ဆောင်ရွက်စေခြင်း၊ **(အောက်ပုံ)** ရေယာဉ်ပေါ်တွင် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များနှင့် ရုပ်ရှင်များ ပြသပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။





နေရပ်ပြန်အမျိုးသားတစ်ဦး



နေရပ်ပြန်အမျိုးသမီးတစ်ဦး



နေရပ်ပြန်အမျိုးသမီးတစ်ဦး



နေရပ်ပြန်အမျိုးသမီးတစ်ဦး

အဆိုပါ ထိုင်းနိုင်ငံရောက် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ အမိမြေသို့ ဝမ်းပန်းတသာ အောင်မြင်စွာရောက်ရှိခဲ့မှုအပေါ် ယခုကဲ့သို့ ကြားသိရသည်-

**နေရပ်ပြန်ပြည်သူတစ်ဦး**

Facebook ပေါ်က အဆက်အသွယ်နဲ့ ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်ရမယ်၊ ဝင်ငွေကောင်းကောင်းရမယ်ဆိုလို့ ကျွန်မအလုပ်သွားလုပ်ခဲ့ပါတယ်။ ကျွန်မတို့ အစားအသောက်ကလည်း အရမ်းကို ဒုက္ခရောက်ပါတယ်။ ရေချိုးရတာလည်း အဆင်မပြေပါဘူး။ ယောကျ်ားလေးတွေ ဆိုရင် ပိုဆိုးပါတယ်။ ခြေထောက်တွေမှာ ဝဲတွေပေါက်တယ်။ ဗိုက်တွေမှာ ဝဲတွေပေါက်တယ်။ ဒီလိုအချိန်မှာ အလွန်ကို အိမ်ပြန်ချင်တာပေါ့နော်။ မြန်မာဆိုပြီးတော့လည်း အလွန်ကိုလည်း နှိမ်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ပြန်ချင်တဲ့ဒုက္ခတွေ၊ သောကတွေကို မျှဝေခံစားပေးတဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ကျေးဇူးကြောင့်လည်း ကျွန်မတို့ အခုလို ပြန်ရောက်လာခဲ့တာပေါ့နော်။ ဗိုလ်ချုပ်မှူးကြီးကို အလွန်လည်းကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ လက်ဆယ်ဖြာ ထိပ်မှာမိုး ရှိခိုးကန်တော့ပါတယ်။ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ရောက်ရင်လည်း ရှိတဲ့အလုပ်လေးလုပ်ပြီးတော့ အဆင်ပြေအောင်နေသွားပါမယ်။ နောက်တစ်ခါလည်း နိုင်ငံခြားကို ပြန်မသွားတော့ပါဘူး။ ပြန်သွားဖို့အစီအစဉ်လည်း မရှိတော့ပါဘူး။ ကျွန်မတို့အနေနဲ့ ကိုယ်တတ်တဲ့ ပညာနဲ့ နိုင်ငံတော်ကို အကျိုးပြုသွားမယ်လို့လည်း ကတိပြုပါတယ်။ ကျွန်မတို့ရဲ့ သောကတွေ၊ ဒုက္ခတွေကို ဝေမျှခံစားပေးတဲ့နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**နေရပ်ပြန်ပြည်သူတစ်ဦး**

ဟိုမှာနေရတာတော့ သိပ်အဆင်မပြေဘူး။ အိပ်တာလည်း အခင်းလည်းမရှိဘူး။ အထက်ကလည်း ခြုံစရာလည်းမရှိဘူး။ ကျန်းမာရေး အတွက်တွေလည်း စိုးရိမ်ရတယ်။ ကိုယ်က ကျန်းမာရေးကောင်းတော့ ကိစ္စမရှိဘူး။ သူများတွေအတွက်တော့စိတ်မကောင်းဘူး။ စားရတာလည်း အဆင်မပြေဘူး။ ထမင်းလည်း နည်းနည်းလေးပဲ ဟင်းလည်း နည်းနည်းလေးပဲ။ ကြက်သားဟင်းလည်း နည်းနည်းလေးပဲ။ ဘယ်အချိန်ပြန်ရမလဲဆိုတာ မသိဘူး။ လတ်တလောပြန်ရမယ်ဆိုတာ သိလိုက်ရတော့ အလိုလိုဝမ်းမြောက်မိတယ်။ ဝမ်းလည်းသာတယ်။ အိမ်ပြန်ချင်လွန်းလို့ မိသားစုနဲ့လည်း တွေ့ချင်တယ်။

**နေရပ်ပြန်ပြည်သူတစ်ဦး**

ကျွန်မရွာမှာလည်း အလုပ်အကိုင်မရှိလို့ ထိုင်းကို တက်ပါတယ်။ ဆွေမျိုးတွေကခေါ်လို့ ယခုလမ်းမှာ အဖမ်းခံရပါတယ်။ အချုပ်ထဲမှာ ခြောက်လကျော်ကျော် နေခဲ့ရပါတယ်။ ကျန်းမာရေးကလည်း သိပ်မကောင်းပါဘူး။ အစားအသောက်ကလည်း အဆင်မပြေဘူး။ အဲဒီမှာနေရတာလည်း ဘယ်လိုမှအဆင်မပြေဘူး။ အဝတ်တွေကလည်း ပေါက်တဲ့သူတွေပေါက်။ ရေချိုးရတာလည်း အဆင်မပြေဘူး။ ကျွန်မလည်း ဘယ်နေ့လာခေါ်မလဲလို့ မျှော်လင့်နေတယ်။ တစ်ခါလာလည်း ကျွန်မတို့မပါဘူး။ ခြောက်လကျော်ကျော် နေခဲ့ရတယ်။ အခုမှ လွတ်မြောက်လာတယ်။ မောင်လေးကိုလည်း မျှော်လင့်တယ်။ မောင်လေးပါ မလားလို့မျှော်လင့်တယ်။ အတူတူပြန်ချင်တယ်။ ယခုကျွန်မကို လာခေါ်တဲ့အချိန်မှာ ပျော်တယ်။ နေလို့လည်းမရဘူး။ စားလို့လည်း မရဘူး။ မအိပ်ဘဲနဲ့ ထိုင်နေတယ်။ ကျွန်မတို့ကို လွတ်မြောက်အောင် လုပ်ပေးတဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို အထူးပဲ ကျေးဇူးတင်ပါတယ်။

**နေရပ်ပြန်ပြည်သူတစ်ဦး**

ကျွန်တော်အချုပ်ထဲမှာ ၄/၅ လလောက် နေခဲ့ရတယ်။ တော်တော် စိတ်ဆင်းရဲရတယ်။ တော်တော်ဆိုးပါတယ်။ အချုပ်အခြေအနေကတော့၊ စားရေးသောက်ရေးကတော့ လုံးဝအဆင်မပြေပါဘူး။ ထမင်းကနည်းနည်းလေးပဲစားရပါတယ်။ ရေချိုးရတာလည်း အဆင်မပြေပါဘူး။ လေးခွက် ငါးခွက် အဲ့လောက်ပဲ ချိုးရပါတယ်။ အခန်းသေးလေး တစ်ခန်းကို လူ ၁၈၀/ ၁၉၀ ထည့်ထားပါတယ်။ ဘယ်လိုမှ အဆင်မပြေပါဘူး။ ညဆိုလည်း အိပ်လို့မရပါဘူး။ ညဆိုတစ်ညလုံး ထိုင်နေရပါတယ်။ တော်တော်ဆိုးပါတယ်။ တော်တော်လည်း စိတ်ဆင်းရဲရပါတယ်။ အဲဒီအထဲမှာနေရတာ၊ ကျန်းမာရေး တစ်ခုခုဖြစ်ရင်လည်း တော်တော်ဆိုးပါတယ်။ ဆေးဝါးတွေလည်း မရဘူး။ ကိုယ်ဖြစ်ကိုယ်ခံလိုက် အဲဒီလိုပါပဲ။ အသက်ဆုံးရှုံးရတာ အများကြီးရှိပါတယ်။ တော်တော်ဝမ်းနည်းရပါတယ်။ တော်တော်ဆိုးပါတယ်။ ခုလိုမမျှော်လင့်ပဲ နေရပ် ပြန်ရမယ်ဆိုတော့ တော်တော်ဝမ်းသာပါတယ်။ ပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ပြန်ရမယ်ဆိုတာ သိရတဲ့အချိန်မှာ အိပ်တောင် အိပ်မပျော်ပါဘူး။ တစ်ညလုံး ထိုင်စောင့်နေကြပါတယ်။ တအားပျော်သလို တအားဝမ်းသာပါတယ်။ ဒီလိုပြန်ရဖို့အတွက် စီစဉ်ပေးတဲ့အတွက် တအားဝမ်းသာပါတယ်။ အစစအရာရာ စီစဉ်ပေးတဲ့အတွက် ဒီကအစ်ကိုတွေရော၊ အကြီးအကဲတွေရော ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## ဘားအံတက္ကသိုလ်၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၃**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာ၊ ကျပန်း၊ ပန်းချီပြိုင်ပွဲများကို အဆိုပါတက္ကသိုလ်၏ ငုရွှေဝါခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာစိုးစိုးအေးက အမှာစကား ပြောကြားပြီးနောက် စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာ၊ ကျပန်း၊ ပန်းချီပြိုင်ပွဲများကို ကျင်းပရာ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်ငါးရပ်ကို ဖော်ဆောင်သည့် ပြိုင်ပွဲဝင် ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူ၊ ဆရာ/ဆရာမ ၈၁ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နေပြည်တော်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရန် မူဝါဒများနှင့်အညီ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအငှားအိမ်ရာများနှင့် ပြည်သူ့အငှားအိမ်ရာများ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက ပြည်သူ့အငှားအိမ်ရာစီမံကိန်းလျာထားချက်၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသက်နိုင်မိုးက အိမ်ရာစီမံကိန်း ကြီးကြပ်ထိန်းသိမ်းထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု နေပြည်တော်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် ပြည်သူများ နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရန် မူဝါဒများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အိမ်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအငှားအိမ်ရာများနှင့် ပြည်သူ့အငှားအိမ်ရာများ တည်ဆောက်ပြီးစီးမှု၊ အိမ်ခန်းဖွဲ့စည်းမှု၊ မြို့ပြ / ရေသန့် / လျှပ်စစ် ဆောင်ရွက်ပြီးစီးမှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အိမ်ခန်းနေရာချထားရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား အငှားအိမ်ရာစီမံကိန်းတွင် အငြိမ်းစားဝန်ထမ်း (အမှုထမ်း) များအတွက် (၁၂) ခန်းတွဲ (၅ ထပ်)၊ အဆောက်အအုံ ခုနစ်လုံး ၊ အခန်း ၄၂၀ အား နေရာချထားပေးပြီးဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အငြိမ်းစားဝန်ထမ်း (အရာထမ်း)များအတွက် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် (၄)ခန်းတွဲ (၅ ထပ်)၊ အဆောက်အအုံ ငါးလုံး၊ အခန်း ၁၀၀ နှင့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် (၄) ခန်းတွဲ (၅ ထပ်)၊ အဆောက်အအုံ ၂၈ လုံးတွင် အခန်းပေါင်း ၄၄၈ ခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကန်ပြားနယ်မြေ မီးသတ်စခန်းသစ်ဖွင့်ပွဲကျင်းပ

**မကွေး ဖေဖော်ဝါရီ ၃**

(၇၆) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် ကန်ပြားနယ်မြေ မီးသတ်စခန်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ကန်ပြားနယ်မြေ မီးသတ်စခန်းသစ်၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

**အချက်အချာကျသည့်**
**မီးသတ်စခန်း**

နယ်မြေ မီးသတ်စခန်းသစ်ဖွင့်ပွဲအခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးမြို့နယ် ကန်ပြားနယ်မြေ မီးသတ်စခန်းကို ကန်ပြားကျေးရွာ အနီးတစ်ဝိုက်ကျေးရွာများရှိဒေသခံပြည်သူများအတွက် မီးသတ်တပ်ဖွဲ့များ၏ ရည်မှန်းချက် တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဒေသခံပြည်သူများ အားကိုးအားထား ပြုရမည့် မီးသတ်စခန်းတစ်ခု ဖြစ်ကြောင်း၊ ကန်ပြားကျေးရွာသည် နေပြည်တော် - ကန်ပြားလမ်း၊ မကွေး - နတ်မောက်လမ်းနှင့် မကွေး - ရေနံချောင်းလမ်းများ ဆုံရာအရပ်တွင် တည်ရှိသောကြောင့် လမ်းမကြီးများ တစ်လျှောက်ရှိ ကျေးရွာများအတွက် မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ပြီး မီးသတ်ရှုထောင့်အရ အချက်အချာကျသည့် မီးသတ်စခန်းတစ်ခုလည်းဖြစ်ကြောင်း။

**မျက်ခြည်မပြတ်လေ့လာ**

မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ကောင်းမွန် ကာ နိုင်ငံ့ဝန်ထမ်းများတွင် ရှိရမည့် စံတန်ဖိုးများအပြင် အသင်းအဖွဲ့ဖြင့် ဆောင်ရွက်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများအပြင် နိုင်ငံတကာတွင် ပြောင်းလဲ တိုးတက်နေသည့် မီးသတ်လုပ်ငန်းဆိုင်ရာများအား မျက်ခြည်မပြတ်လေ့လာပြီး မိမိနိုင်ငံသားများအတွက် ပြန်လည်အသုံးချနိုင်ရန် အားထုတ်ကြရန် လိုအပ်ကြောင်းနှင့် ပြည်သူများ ယုံကြည် အားကိုးအားထားပြုသည့် မီးသတ်တပ်ဖွဲ့များဖြစ်အောင်လေ့ကျင့်တည်ဆောက်သွားကြစေလိုကြောင်း ပြောကြားသည်။



မကွေးမြို့နယ် ကန်ပြားနယ်မြေ မီးသတ်စခန်းသစ် တည်ဆောက်ပြီးစီးမှု မှတ်တမ်းဖိုင်ကို ဆောက်လုပ်ရေးကုမ္ပဏီမှ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးလှိုင်ထံ လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်ပြားနယ်မြေ မီးသတ်စခန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြောင်း သိရသည်။**(အပေါ်ပုံ) မောင်ညီညာ**

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ တိုင်းရင်းဆေးပညာရှင်များ နည်းပညာရပ်ဆိုင်ရာ အစည်းအဝေး မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization)၏ တိုင်းရင်းဆေးပညာရှင်များ နည်းပညာရပ်ဆိုင်ရာအစည်းအဝေးကို အိန္ဒိယနိုင်ငံ Ministry of Ayush နှင့် Ministry of Health and Family Welfare တို့က ကြီးမှူး၍ ဖေဖော်ဝါရီ ၃ ရက်က Virtual စနစ်ဖြင့် ကျင်းပရာ ဆွေးနွေးဖက်နိုင်ငံဖြစ်သူ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေး တက်ရောက်ဆွေးနွေးသည်။




အဆိုပါ အစည်းအဝေးအား အိန္ဒိယနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျီကစ္စတန်၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပညာရှင်များက နိုင်ငံအလိုက် တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များ၊ တိုင်းရင်းဆေးပညာသင်ကြားမှုနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများအား အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများအကြား အပြန်အလှန် ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးကို ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများမှ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေး၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဟာဗျူဟာမြောက် ဆက်ဆံရေးကို နက်ရှိုင်းစေရန် ပြင်သစ်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ သဘောတူ



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်။

**ပါရီ ဖေဖော်ဝါရီ ၃**

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့် အလည်အပတ်ရောက်ရှိနေသည့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့သည် နယ်ပယ်အားလုံးတွင် နှစ်နိုင်ငံဆက်ဆံရေးခိုင်မာစေရန်နှင့် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ဆက်ဆံရေးကို နက်ရှိုင်းစေရန် သဘောတူညီခဲ့ကြောင်း ပြင်သစ်သမ္မတနန်းတော်က ဖေဖော်ဝါရီ ၃ ရက် သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ချိန်ကတည်းက ဝန်ကြီးချုပ် နေတန်ယာဟုက နှစ်နိုင်ငံကြား ရင်းနှီးမှုကို ပြသခဲ့သည့်အနေဖြင့် ၎င်း၏ အရှေ့အလယ်ပိုင်းကို ပထမဆုံးခရီးစဉ်အဖြစ် ပြင်သစ်နိုင်ငံကို ရွေးချယ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက် ညစာစားပွဲတွင် ပြင်သစ်သမ္မတ မက်ခရွန်က ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေး၏ အရည်အသွေးကို ကြိုဆိုနှုတ်ဆက်ကြပြီးနှင့် နှစ်ဦးနှစ်ဖက်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့သည်ဟု ပြင်သစ်သမ္မတနန်းတော်က မှတ်ချက်ပြုထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ ရှစ်ကြိမ်မြောက် ကိုဗစ်-၁၉ လှိုင်းဂယက်အဆုံးသတ်တော့မည်

**တိုကျို ဖေဖော်ဝါရီ ၃**

ဂျပန်နိုင်ငံ၌ ရှစ်ကြိမ်မြောက် ကိုဗစ်လှိုင်းဖြစ်ပွားမှု အဆုံးသတ်တော့မည်ဖြစ်သည်။ အပတ်စဉ် ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ သုံးပတ်ဆက်တိုက် ကျဆင်းလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ဖေဖော်ဝါရီ ၂ ရက်အထိ ခုနစ်ရက်တာကာလအတွင်း ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၇၅၀၀ ရှိသည်။ အဆိုပါပမာဏသည် လွန်ခဲ့သောကာလကထက် ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်ပမာဏဖြစ်သည်။

အနောက်ပိုင်း ကာဂါဝခရိုင်တွင် လူ ၁၀၀၀၀၀ လျှင် ၄၂၃ ဒသမ ၅၈ ယောက် ကူးစက်သည်။ နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်နှုန်းမှာ ၅၇၅ ဦးရှိသည်။ တိုကျို၌ အပတ်စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် လွန်ခဲ့သော သီတင်းပတ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု၏ ၆၇ ရာခိုင်နှုန်းရှိသည်။ နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းမှာ ၃၇၇၆ ဦးရှိသည်။ သောကြာနေ့က မြို့တော်တိုကျို၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၂၉၄၁ ဦးရှိကြောင်း အရာရှိများက အတည်ပြုခဲ့သည်။ အဆိုပါပမာဏသည် တစ်ပတ်ပြီးတစ်ပတ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်း ၁၇ ရက်မြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်သည်။

တိုဟိုတက္ကသိုလ် ပါမောက္ခ တာဒီတာကာဇူဟီရိုက လွန်ခဲ့သော သီတင်းပတ်သုံးပတ်ကတည်းက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်း တဖြည်းဖြည်း ကျဆင်းခဲ့ကြောင်း ပြောသည်။ ကိုဗစ်-၁၉ လူနာ အနည်းငယ်သာရှိသောကြောင့် ဆေးဘက်ဆိုင်ရာအဆောက်အအုံများ၏လုပ်ငန်းများကိုလည်း ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ပြီဖြစ်ကြောင်း ၎င်းကပြောသည်။ တာဒီတာသည် အစိုးရ၏ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေးအဖွဲ့ဝင် လူကြီးတစ်ဦးဖြစ်သည်။ ရှစ်ကြိမ်မြောက် ကိုဗစ်-၁၉ လှိုင်းဂယက်သည် အဆုံးသတ်တော့မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ ကုန်တင်သင်္ဘောနှစ်စင်းတိုက်မိပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိ

**တိုကျို ဖေဖော်ဝါရီ ၃**

ဂျပန် ကုန်တင်သင်္ဘောတစ်စင်းသည် ဖေဖော်ဝါရီ ၂ ရက်က အနောက်ပိုင်း အိမ့်ခရိုင်နှင့် အတန်ငယ်ဝေးသော ဆီတိုကုန်းတွင်းပင်လယ်၌ တခြားကုန်တင်သင်္ဘော တစ်စင်းနှင့် တိုက်မိပြီး နစ်မြုပ်ခဲ့ရာ သင်္ဘောသားနှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။



ကုန်တင်သင်္ဘော ဆာအီယုကို အီမာဘာရီ ကမ်းလွန်တစ်နေရာတွင် နစ်မြုပ်နေသည်ကို တွေ့ရစဉ်။

အီမာဘာရီ ကမ်းခြေစောင့်ရုံး၏ ထုတ်ပြန်ချက်အရ ၇၁၆ တန်လေးသော ကုန်တင်သင်္ဘော ဆာအီယုသည် ၄၉၉ တန်လေးသော ကုန်တင်သင်္ဘော ကိုအိမာရုနှင့် အိမ့်ခရိုင် အီမာဘာရီမြို့ကမ်းလွန်တစ်နေရာတွင် ဒေသစံတော်ချိန် ၁၉ နာရီ မိနစ် ၃၀ ခန့်တွင် တိုက်မိခဲ့ကြောင်း သိရသည်။

ဆာအီယု ကုန်တင်သင်္ဘောပေါ်တွင် သင်္ဘောသား ငါးဦး လိုက်ပါလာခဲ့ပြီး ဒေသစံတော်ချိန် ည ၉ နာရီမတိုင်မီ နစ်မြုပ်ခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ သင်္ဘောသား သုံးဦးကို ကယ်တင်နိုင်ခဲ့သော်လည်း နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ၎င်းတို့က ပြောသည်။

ကိုအိမာရု ကုန်တင်သင်္ဘောပေါ်ရှိ သင်္ဘောသား လေးဦးလုံး ဘေးအန္တရာယ် ကင်းကြောင်း အတည်ပြုခဲ့သည်။

လတ်တလောတွင် အီမာဘာရီ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပျောက်ဆုံးနေသော သင်္ဘောသားနှစ်ဦးကို အနီးအနားရေပြင်တွင် လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ အသက် ၁၂ အရွယ်ကလေးထံမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉ သန်းတန် မူးယစ်ဆေးများတွေ့ရှိ

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၃**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချီပတန်ပြည်နယ်၌ အသက် ၁၂ အရွယ် ကလေးထံမှ မူးယစ်ဆေး ၂၆ ဒသမ ၂ ကီလိုဂရမ်ကို ပါကစ္စတန်ကမ်းခြေစောင့်တပ်က သိမ်းဆည်းရရှိခဲ့သည်ဟု ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ကမ်းခြေစောင့်တပ်သည် စစ်ဆေးရေးဂိတ်တွင် ခရီးသွားယာဉ်ကို စစ်ဆေးနေခဲ့သည်။ ကရာချိဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ခရီးသွားရေယာဉ်ကိုစစ်ဆေးပြီး ခရီးသည်များကို စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြချက်အရသိရသည်။ အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉သန်း တန်ဖိုးရှိမည့် မူးယစ်ဆေးများကို ကမ်းခြေစောင့်တပ်က ရှာဖွေတွေ့ရှိခဲ့သည်။ မူးယစ်ဆေးသယ်ဆောင်လာသည့် အသက် ၁၂ နှစ်အရွယ် ယောကျ်ားကလေးမှာ အမျိုးသမီးတစ်ဦး ဟန်ဆောင်နေခဲ့ခြင်းဖြစ်သည်။ ပါကစ္စတန်ကမ်းရိုးတန်းတွင် မူးယစ်ဆေးဝါးများ မှောင်ခိုသယ်ဆောင်ခြင်းကို တားဆီးနိုင်ရေးအတွက် ကမ်းခြေစောင့်တပ်သည် စစ်ဆေးရေးများကို တိုးမြှင့်လျက်ရှိသည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ၌ နောက်တွဲယာဉ်နှင့် အဝေးပြေးဇိမ်ခံဘတ်စ်ကားတိုက်မိရာ ၁၈ ဦး သေဆုံး

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၃**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကိုင်ဘာ ပခ်ုတွန်ခွာဝါပြည်နယ်တွင် ဖေဖော်ဝါရီ ၂ ရက်ညက ခရီးသည်တင် အဝေးပြေးဇိမ်ခံဘတ်စ်ကားမှာ နောက်တွဲယာဉ်နှင့် တိုက်မိမှုဖြစ်ပွားခြင်းကြောင့် လူ ၁၈ ဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။



အဆိုပါယာဉ်မတော်တဆမှုမှာ ကိုဟာတ်ခရိုင် အင်ဒက်စ် အဝေးပြေးလမ်းမပေါ်ရှိ ကိုဟာတ် ဥမင်အနီးတွင် ဖေဖော်ဝါရီ ၂ ရက် ညနှောင်းပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခရီးသည်တင်အဝေးပြေး ဇိမ်ခံဘတ်စ်ကားမှာ ဆန့်ကျင်ဘက်မှ လာသည့် နောက်တွဲယာဉ်နှင့် တိုက်မိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို အနီးရှိဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ အဓိကအားဖြင့် လမ်းများမကောင်းခြင်းနှင့် ယာဉ်ကို မကျွမ်းကျင်ဘဲ မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆစ်ဒနီ၌ ဆိုက်ကပ်ထားသည့် အပျော်စီးသင်္ဘော မီးလောင်မှုကြောင့် ခရီးသည်များကို ကယ်တင်ခဲ့ရ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၃**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ဆိုက်ကပ်ထားသည့် ပင်လယ်အပျော်စီးသင်္ဘောပေါ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ခရီးသည်များကို ကယ်ထုတ်ခဲ့ရကြောင်း သိရသည်။ ဖေဖော်ဝါရီ ၃ ရက်က အဆိုပါ အပျော်စီးသင်္ဘော မီးလောင်ခဲ့ခြင်းဖြစ်ပြီး ခရီးသည်နှစ်ဦးမှာ ဆေးကုသမှုခံယူခဲ့ရသော်လည်း ဆေးရုံထိရောက်အောင် ပြင်းထန်ခြင်းမရှိဟု သိရသည်။

အဆိုပါသင်္ဘောပေါ်တွင် ခရီးသည် ၈၀၀ တင်ဆောင်ထားပြီး မီးတောက်ကို အချိန်မီငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ ထို့နောက် ပုံမှန်လုပ်ရိုးလုပ်စဉ်များကို ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း မီးသတ်နှင့်ကယ်ဆယ်ရေးဌာနမှ ကြီးကြပ်အုပ်ချုပ်သူ အဒမ်ဒရူးဘယ်ရီက ပြောသည်။

သင်္ဘောငါးထပ်မြောက် တည်းခိုဆောင်တွင် မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး ငါးထပ်နှင့် ခြောက်ထပ်မှ ခရီးသည်များကိုကယ်တင်ခဲ့ရကြောင်း ၎င်းက ဆက်ပြောသည်။ မီးကြောင့် ထိခိုက်ခံစားခဲ့ရသူဦးရေကို စိစစ်ဆဲဖြစ်ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းကို စုံစမ်းဆဲဖြစ်ကြောင်း ဒရူးဘယ်ရီက ပြောသည်။

ဆင်ဟွာ



အပျော်စီးသင်္ဘော မီးလောင်နေသည်ကို တွေ့ရစဉ်။

# ဥရုဂွေးနိုင်ငံ၌ မိုးခေါင်မှုကြောင့် ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ဆုံးရှုံးမှုဖြစ်ပေါ်

**မွန်တီဗီဒီယို ဖေဖော်ဝါရီ ၃**

ဥရုဂွေးနိုင်ငံ၌ မိုးခေါင်မှုကြောင့် လယ်ယာထွက်ကုန် ပစ္စည်းများအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိခဲ့သည်။ မိုးခေါင်မှုကြောင့် လယ်ယာထွက်ကုန်တန်ဖိုး ၁ ဒသမ ၁၇ ဘီလီယံ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး နိုင်ငံဂျီဒီပီ၏ ၁ ဒသမ ၉ ရာခိုင်နှုန်း နစ်နာခဲ့ရသည်ဟု စိုက်ပျိုးရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောသည်။



စိုက်ပျိုးရေးကဏ္ဍတွင် သန်း ၄၉၀ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး ရေလုပ်ငန်းတွင် သန်း ၄၄၀ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကာ မွေးမြူရေးလုပ်ငန်းတွင် သန်း ၁၀၀ ဆုံးရှုံးခဲ့သည်ဟု သိရသည်။

အဆိုပါ အချက်အလက်များသည် ကနဦးခန့်မှန်းတွက်ချက်မှုများဖြစ်ပြီး အစိုးရသည် လယ်ယာထွက်ကုန်ကဏ္ဍတွင် ဆုံးရှုံးနစ်နာမှုမှ သက်သာစေရန် ဆောင်ရွက်သွားမည်ဟုလည်း စိုက်ပျိုးရေးဝန်ကြီး ဖာနန်ဒို မက်တို့စ်က ပြောသည်။ ထုတ်လုပ်ရေးနှင့် စားသုံးမှုအပိုင်းတွင် ရေရရှိရေးအတွက်လည်း အခြေခံအဆောက်အအုံများ တည်ဆောက်သွားရန် ၎င်းက တောင်းဆိုခဲ့သည်။

နှစ်ပေါင်း များစွာအတွင်း ပထမဦးဆုံး အကြိမ်အဖြစ် နိုင်ငံတစ်ဝန်း မိုးခေါင်မှုကြောင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် စိုက်ပျိုးရေးကဏ္ဍ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရသည်။ တရားဝင်အချက်အလက်များအရ စိုက်ပျိုးရေးထုတ်ကုန်များသည် ဥရုဂွေးနိုင်ငံ၏ ပြည်ပတင်ပို့ကုန် ၈၀ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း သိရသည်။

ဆင်ဟွာ

# လာမည့်သီတင်းပတ်အနည်းငယ်အတွင်း ဂျပန်၌ တုပ်ကွေးကူးစက်မှု မြင့်မားလာနိုင်

**တိုကျို ဖေဖော်ဝါရီ ၃**

ဂျပန်နိုင်ငံ၌ လာမည့်သီတင်းပတ် အနည်းငယ်အတွင်း တုပ်ကွေးရောဂါဖြစ်ပွားမှုအမြင့်ဆုံးသို့ ရောက်ရှိနိုင်ကြောင်း ကူးစက်ရောဂါ ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

နိုင်ငံတစ်ဝန်းရှိ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်း ၅၀၀၀ ခန့်တွင် ခုနစ်ရက်တာကာလအတွင်း တုပ်ကွေးရောဂါဖြစ်ပွားမှု စုစုပေါင်း ၅၁၀၀၀ ကျော်ရှိသည်ဟု ထုတ်ပြန်ကြောင်း ကူးစက်ရောဂါများဆိုင်ရာ အမျိုးသားအင်စတီကျူက ပြောကြားသည်။

ရက်သတ္တပတ်အတွင်း အဖွဲ့အစည်းတစ်ခုလျှင် တုပ်ကွေး လူနာအရေအတွက်မှာ ၁၀ ဒသမ ၃၆ ရှိကြောင်း သိရသည်။

အဆိုပါကိန်းဂဏန်းမှာ လာမည့်လေးပတ်အတွင်း ဗိုင်းရပ်စ်ပျံ့နှံ့မှု ကြီးကြီးမားမား ဖြစ်ပွားနိုင်ကြောင်း ညွှန်ပြထားသည်။ တောင်ပိုင်းအိုကီနာဝါပြည်နယ်၌ ပြီးခဲ့သည့် ခုနစ်ရက်အတွင်း ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုလျှင် လူနာ ၄၁ ဦးကျော် ရှိကြောင်း ထုတ်ပြန်ထားသည်။ အကြံပေးအဆင့်ထက် ကျော်လွန်၍ ရောဂါကူးစက်ဖြစ်ပွားသည့် စီရင်စု ၁၆ ခုရှိပြီဖြစ်သည်။ တုပ်ကွေးဗိုင်းရပ်စ်ပျံ့နှံ့မှုမှာ အနည်းငယ်နှေးကွေးသော်လည်း ဖေဖော်ဝါရီလတွင် ရောဂါကူးစက်မှုမှာ များသောအားဖြင့် အမြင့်ဆုံးဖြစ်ကြောင်း တိုဟိုတက္ကသိုလ်မှ ပါမောက္ခဖြစ်သူ တာတဲဒါ ကာဇူဟီရိုက ပြောကြားသည်။

အင်န်အိတ်ချ်ကေ



# တိုကျို၌ လုယက်ခိုးပြမှု ကျူးလွန်ခဲ့သူ လူငယ်သုံးဦးကို ရဲများဖမ်းဆီး

**တိုကျို ဖေဖော်ဝါရီ ၃**

ဓားပြမှုကျူးလွန်ရန် ကြိုးပမ်းမှုဖြင့် လူငယ်သုံးဦးကို တိုကျိုရဲများက ဖမ်းဆီးခဲ့သည်။ လူငယ်သုံးဦးသည် လွန်ခဲ့သောနှစ် အောက်တိုဘာလက အာဒိုဂါဝရပ်ကွက်ရှိ အမျိုးသမီးတစ်ဦး၏ အိမ်သို့ ဖောက်ထွင်းဝင်ရောက်ခဲ့ပြီး ခြိမ်းခြောက်ခဲ့သည်။

အသက် ၁၇ နှစ်ရှိ သံသယရှိသူ လူငယ်မှာ အလုပ်လက်မဲ့တစ်ဦးဖြစ်ပြီး အသက် ၁၉ နှစ်ရှိ လူငယ်သည် အထက်တန်းကျောင်းသားတစ်ဦးဖြစ်သည်။ တခြားသံသယဖြစ်ဖွယ် အသက် ၂၀ လူငယ်မှာ အချိန်ပိုင်း အလုပ်သမားတစ်ဦးဖြစ်ပြီး ဓားပြမှုကျူးလွန်ချိန်တွင် အသက် ၁၉ နှစ်ဖြစ်သည်။

လူငယ်များသည် အသက် ၅၉ နှစ်ရှိ အမျိုးသမီးကို ကြိုးဖြင့်တုပ်နှောင်ခဲ့ပြီး မီးခံသေတ္တာကို မေးမြန်းခဲ့သည်။

တခြားအထပ်တွင် နေထိုင်သော ဓားစာခံအမျိုးသမီးကြီး၏ သမီးက ရဲစခန်းကို အရေးပေါ်ဖုန်းခေါ်ဆိုပြီး ရဲများရောက်လာသောအခါ ၎င်းလူငယ်များမှာ ထွက်ပြေးသွားကြသည်။ အမျိုးသမီးကြီးမှာ အန္တရာယ်တစ်စုံတစ်ရာ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

ရေခဲပြင်စကိတ်စီးမျက်နှာဖုံးများကို ဝတ်ဆင်ထားသော လူငယ်အချို့သည် အငှားကားဖြင့် ထွက်ပြေးသွားသည်။

ဖမ်းဆီးရမိသူ လူငယ်သုံးဦးသည် အဆိုပါအမှုတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။ သို့မဟုတ် မေးခွန်းများ ဖြေရန် ငြင်းဆိုခဲ့ကြသည်။

သံသယရှိ လူငယ်များသည် လုယက်ခိုးပြမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများဖြစ်မည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ လတ်တလော ဂျပန်နိုင်ငံတွင် ဖြစ်ပွားနေသော လုယက်တိုက်ခိုက်မှုများနှင့် သက်ဆိုင်ခြင်း ရှိ၊ မရှိ အတည်မပြုနိုင်သေးကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ




လုယက်ခိုးပြမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သက်သေခံပစ္စည်းများကိုတွေ့ရစဉ်။

# အစ္စရေးနှင့် ဆူဒန်နိုင်ငံတို့ ပုံမှန်ဆက်ဆံရေး တည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၃**

အစ္စရေးနှင့်ဆူဒန်နိုင်ငံတို့သည် ၂၀၂၃ ခုနှစ် နှောင်းပိုင်းတွင် ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အလီကိုဟင်က ဇန်နဝါရီ ၂ ရက်တွင် ပြောသည်။ ဆူဒန်နိုင်ငံ ခါတွန်မြို့သို့ ခရီးစဉ်သွားရောက်ခဲ့ပြီးနောက် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

ဆူဒန်နိုင်ငံသို့ခရီးစဉ်အတွင်း ဆူဒန်နိုင်ငံ၏ ဗိုလ်ချုပ်ကြီး အဗ္ဗဒယ်ဖက် တက်အယ်ဘူဟန် အပါအဝင် အခြားသောအဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ကိုဟင်က ပြောသည်။ ဆူဒန်နိုင်ငံသည် အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်သည့် စတုတ္ထမြောက် အာရပ်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

ဆင်ဟွာ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် နေပြည်တော်ကောင်စီမိသားစု မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ တက်ရောက်အားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နေပြည်တော်ကောင်စီ မိသားစု မြန်မာရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ ဝင်းအတွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဌာနခွဲအသင်း လေးသင်းက ပျော်ရွှင်စွာ ထမနဲထိုးယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများကို ဂုဏ်ပြုဆုများကိုလည်းကောင်း၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ညှော်ခံဖျော်ဖြေပေးသည့် အိုးစည်၊ ဒိုးပတ်ဝိုင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက ပျဉ်းမနားမြို့နယ်မှ ထမနဲကြီးကြပ်ကူညီပံ့ပိုးပေးသူ လေးဦးအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။


**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# မောင်စိမ်းနောင်(လယ်ဝေး)၏ ချစ်တေးသီပါ ကျေးတမာ ကဗျာစာအုပ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အမျိုးသားစာပေဆုရ ဆရာ မောင်စိမ်းနောင် (လယ်ဝေး) ၏ "ချစ်တေးသီပါကျေးတမာ" ကဗျာစာအုပ် ၂၀၂၂ခုနှစ် ဒီဇင်ဘာလက "ပန်းရဂုံစာပေ"မှ ထွက်ရှိကြောင်း သိရသည်။

"ချစ်တေးသီပါ ကျေးတမာ" စာအုပ်တွင် ကဗျာ ၇၂ ပုဒ်ပါရှိပြီး မြန်မာကဗျာနှင့် ပတ်သက်သော ကဗျာများ၊ ကဗျာရေးဖွဲ့သူ၏ ဘဝအတွေ့အကြုံများ၊ မြန်မာ့ဓလေ့ မြန်မာ့စရိုက် မြန်မာ့စိတ်ရင်းနှင့် မြန်မာယဉ်ကျေးမှုဆိုင်ရာများ၊ အတွေးအမြင် ရသကဗျာများ၊ ငြိမ်းချမ်းရေးကဗျာများ၊ အမျိုးသားရေးကဗျာများ စသည်ဖြင့် အကြောင်းအရာစုံ၊ ရသစုံပါရှိသည်။





"ပန်းရဂုံစာပေ" က ဖြန့်ချိ၍ ရန်ကုန်မြို့တွင် ကုန်သည်လမ်း စာပေဗိမာန်စာအုပ် အရောင်းဆိုင်၊ ပန်းဆိုးတန်းလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် မိုးကျော်စာပေ၊ ၃၆ လမ်း ကိုထွန်းစာပေနှင့် ပြည်လမ်း မင်္ဂလာဒုံဈေးအနီး ခရေပင်မတ်တို့တွင် လည်းကောင်း၊ မန္တလေးမြို့တွင် ထွန်းဦးစာပေနှင့် နဂါးစာပေတို့၌ လည်းကောင်း၊ နေပြည်တော်တွင် မြို့မဈေး ရွှေမင်းသားစာပေတို့၌ လည်းကောင်း ဝယ်ယူရရှိနိုင်ပြီး ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်ပွဲနှင့် ပထမအကြိမ်ဝန်ထမ်းမိသားစု



ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီက စေတီတော်ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းအား မြို့နယ်ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ "ရင်ပြင်တော် အဆောင် (၂) မှာ ဆေးခန်းသီးသန့်လုပ်တာပါ။ အရင်ကတည်းက ကုသိုလ်ဖြစ်ဆေးခန်း ရှိပါတယ်။ ရင်ပြင်မှာ သီးခြားဆောက်ပြီး ယနေ့စတင်ဖွင့်လှစ်တာပါ။ ဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများ၊ မည်သူမဆို အခမဲ့ကုသပေးသွားမှာ ဖြစ်ပါတယ်။ ဆေးခန်းဖွင့်ချိန်က ဘုရားဖွင့်ချိန်မှ ညနေအထိ ဖြစ်ပါတယ်"ဟု ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးတင်ရှိန်က ပြောသည်။

ထို့နောက် ပထမအကြိမ် ဝန်ထမ်းမိသားစု ထမနဲထိုးပြိုင်ပွဲကျင်းပခဲ့ပြီး ဆုရရှိသော ဌာနစိတ်မှ ဝန်ထမ်းများအား ခရိုင်ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များက ငွေသားဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

**အာကာလင်း**



ရတနာပုံတက္ကသိုလ်၏ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျရောက်မည့် (၂၃)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

**(ထမနဲထိုးပြိုင်ပွဲတွင် အသင်းပေါင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု သင်္ချာဘာသာရပ်၊ ဒုတိယဆု သတ္တဗေဒဘာသာရပ်၊ တတိယဆု စာကြည့်တိုက်နှင့်သုတပညာအသင်းတို့ ရရှိကြသည်။)**

တင်မောင်-မန်း

# ဗဟန်းမြို့နယ်၌ မြန်မာနိုင်ငံကလေးများနေ့အကြို ကာယ၊ ဉာဏပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်ရှိ မူလတန်းကြိုကျောင်း အမှတ်(၁) ဗဟန်းတွင် ယနေ့ နံနက်ပိုင်းက ကလေးများနေ့အကြို လှုပ်ရှားမှုအနေဖြင့် ကာယ၊ ဉာဏပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပသည်။

ထိုသို့ကျင်းပရာတွင် မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအနေဖြင့် မူကြိုကလေးငယ် ၁၂၀ က ကဗျာ၊ သီချင်း၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ကာယစွမ်းရည်ပြိုင်ပွဲများ၊ စုပေါင်းဂိမ်းကစားခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို ပျော်ရွှင်စွာပြုလုပ်ပြီး အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးဝေနှင့် ဗဟန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုလတ်တို့ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



■ *ကျော်ဖုံးမှ*

အမေရိကန်နိုင်ငံတွင် မေ ၅ ရက် ညပိုင်းကျင်းပမည်ဖြစ်သောကြောင့် မြန်မာပရိသတ်များအနေဖြင့် မေ ၆ ရက် နံနက်အစောပိုင်းတွင် ကြည့်ရှုရမည်ဖြစ်သည်။ ONE Championship အဖွဲ့အစည်းသည် တွဲဆိုင်းများအားလုံး ထုတ်ပြန်ခြင်းမရှိသေးဘဲ အဓိကတွဲဆိုင်းနှင့် စိန်ခေါ်ပွဲအချို့သာ ထုတ်ပြန်ထားပြီး အောင်လအန်ဆန်၏ ပွဲစဉ် ပါဝင်လာခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ဇန်နဝါရီ ၁၄ ရက်က မထိုးသတ်ဖြစ်ခဲ့သည့် ဖန်ရုံနှင့် ပြန်လည်ထိုးသတ်ရခြင်းဖြစ်ပြီး မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ်သာ ထိုးသတ်ရမည်ဖြစ်သည်။ ဇန်နဝါရီ ၁၄ ရက်က ထိုင်းနိုင်ငံ၌ကျင်းပသည့် ONE Fight Night-6 ပြိုင်ပွဲတွင် အောင်လအန်ဆန်နှင့် ဖန်ရုံ တွဲဆိုင်းထည့်သွင်းထားသော်လည်း ဖန်ရုံမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသဖြင့် အောင်လအန်ဆန်သည် ဘရာဇီးနိုင်ငံသား ဂယ်လ်ဗိုနှင့် ပြောင်းလဲထိုးသတ်ခဲ့ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် နိုင်ပွဲဆက်နေသော်လည်း မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စိန်ခေါ်ခွင့်မရသေးဘဲ ဖန်ရုံနှင့် စိန်ခေါ်ပွဲ ထပ်မံထိုးသတ်ရခြင်းဖြစ်ကာ အနိုင်ရပါက ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ရဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် နောက်ဆုံးထိုးသတ်ထားသည့် နှစ်ပွဲတွင် ဂျပန်နိုင်ငံသား အိုကာမီနှင့် ဘရာဇီးနိုင်ငံသား ဂယ်လ်ဗိုတို့ကို ပထမအချီမှာပင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရထားသည်။

**ရဲရင့်လွင်**

❂ *ကျော်ဖုံးမှ*

ဒုတိယအကျော့ပွဲစဉ်များကို ဇူလိုင် ၁၅ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်အားလုံးကို ရန်ကုန်မြို့တွင်သာ ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်းနှင့် YUSC ကွင်း၌ ပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၃ MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အပါအဝင် ရန်ကုန်၊ ဟံသာဝတီ၊ မြဝတီ၊ ဧရာဝတီ၊ ရတနာပုံ၊ အား/ကာသိပ္ပံ၊ မဟာယူနိုက်တက်၊ GFA ၊ ရခိုင်ယူနိုက်တက်၊ တန်းတက်အသင်းများဖြစ်သော ဒဂုံစတားယူနိုက်တက်နှင့် ကချင်ယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲစဉ် (၁) အဖြစ် ဖေဖော် ဝါရီ ၂၁ ရက်တွင် YUSC ကွင်း၌ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် YUSC ကွင်း၌ ဟံသာဝတီအသင်းနှင့် မြဝတီအသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

# ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၂ ရာခိုင်နှုန်း

**(၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓါတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓါတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓါတ်ခွဲနမူနာစုစုပေါင်း (၄,၈၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓါတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓါတ်ခွဲနမူနာစုစုပေါင်း(၉,၉၅၄,၄၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓါတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၃၇) ဦး ရှိပြီဖြစ်ပါသည်။

ဓါတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ တစ်ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၀၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်မျိုးဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာ ကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၇၀ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၄၅ | ၂၉၀၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၀၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၅၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၃၅ | ၂၆၆၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၅၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၃၅ | ၂၆၆၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၁ | ၂၀၉၅ |
| 95 Ron | ၂၀၈၅ | ၂၁၆၀ |
| HSD (500 ppm) | ၂၁၅၈ | ၂၂၃၁ |
| HSD (50 ppm) | ၂၂၃၂ | ၂၃၀၆ |
| HSD (10 ppm) | ၂၂၃၂ | ၂၃၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရေဝပ်ဒေသများတည်တံ့ဖို့ ခုချိန်ကစ ပြန်လည်တည်ထောင်ထိန်းသိမ်းစို့

သစ်တောမောင်




### ရေဝပ်ဒေသများ

ရေဝပ်ဒေသများဆိုသည်မှာ ဒီရေကျချိန်တွင် ရေအနက်ဖြဖြဲသာထက်ပိုမနက်သည့် အဏ္ဏဝါရေပြင်များအပါအဝင် ရေသေသို့မဟုတ် စီးဆင်းနေသော ရေချို၊ ရေငန်၊ ဆားငန်ရေများရှိသော ယာယီ သို့မဟုတ် အမြဲတမ်းရှိနေသော သဘာဝ သို့မဟုတ် လူတို့ပြုလုပ်ဖန်တီးထားသော ရွှံ့နွံမြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေနှင့် ရေပြင်ဧရိယာများကို ခေါ်ဆိုပါသည်။

ရေဝပ်ဒေသများကို ပင်လယ်ကမ်းခြေရေဝပ်ဒေသများ၊ လူတို့ပြုလုပ်ဖန်တီးထားသော ရေဝပ်ဒေသများနှင့် ကုန်းတွင်းရေချိုရေဝပ် ဒေသများဟူ၍ သုံးပိုင်း ခွဲခြားထားပါသည်။ ရေဝပ်ဒေသများတွင် မြစ်၊ ချောင်းများ၊ အင်း၊ အိုင်၊ ကန်နှင့် ရေအောင်းလွှာများ၊ နွံအိုင်များနှင့် ရွှံ့မြေများ၊ စိုစွတ်သည့် မြက်ခင်းလွင်ပြင်များ၊ ပင်လယ်သဲသောင်ကမ်းပါးများ၊ ကမ်းလွန် ကျွန်းစုငယ်များ၊ ပင်လယ်ဝ ဧရိယာများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ဒီရေရောက်ကမ်းခြေများ၊ ဒီရေတောများ၊ ကမ်းရိုးတန်း ဒေသများ၊ သန္တာကျောက်တန်းများ၊ ငါးကန်၊ ပုစွန်ကန်များ၊ စပါးကွင်းများ၊ ဆားကွင်းများ၊ ဆည်ရေလှောင်တမံများ၊ ဆည်ရေသောက်ဧရိယာများ စသည့်နေရာများ ပါဝင်ပါသည်။

### ရေဝပ်ဒေသများ၏ အရေးပါမှုများ

ရေဝပ်ဒေသများသည် လူသားများအတွက်အရေးပါသည့်ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်။ အဓိကအားဖြင့် မြေဆီလွှာများအတွင်း ကာဗွန်သိုလှောင်မှု တိုးပွားပြီး ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ခြင်း၊ ရေကြီးခြင်း၊ ရေလျှံခြင်း စသည့်သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ရေပျော်ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေထုညစ်ညမ်းမှုများကို သန့်စင်ပေးခြင်း၊ ရေချိုများ ပံ့ပိုးပေးခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း စသည့်ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် တိရစ္ဆာန်မွေးမြူရေးစသည့် လုပ်ငန်းများအတွက် အထောက်အပံ့ပြုပြီး စားနပ်ရိက္ခာဖူလုံစေရန် ပံ့ပိုးပေးခြင်း၊ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အရေးပါခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိပါသည်။

### နိုင်ငံတကာ အသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသများ

ရေဝပ်ဒေသများသည် နိုင်ငံတစ်နိုင်ငံချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေးအတွက်လည်း အထူးအရေးပါသည့် အလျောက် တစ်ကမ္ဘာလုံးအဆင့် ရေဝပ်ဒေသများ ဝိုင်းဝန်းထိန်းသိမ်းကြရန်အတွက် **"ရေဝပ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands)"** ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အီရန်နိုင်ငံ ရမ်ဆာမြို့ (Ramsar)၌ ဖွဲ့စည်းခဲ့ပါသည်။ ယနေ့အချိန်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံရှိပြီး နိုင်ငံတကာအဆင့် အရေးပါသော ရေဝပ်ဒေသပေါင်း ၂၄၇၁ ခု စုစုပေါင်း ဧရိယာ ၂၅၆၁၉၂၃၅၆ ဟက်တာကို သတ်မှတ်ထိန်းသိမ်းထားလျက်ရှိပါသည်။ **"ရမ်ဆာ (Ramsar) ရေဝပ်ဒေသများ"** ဟုလည်း ခေါ်ဆိုပါသည်။

ဇီဝဘူမိထူးခြားသည့် ဒေသအတွင်း၌ သဘာဝအတိုင်းတွေ့ရသည့် သို့မဟုတ် သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ထောက်ပံ့ပေးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ၏ အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံးအခြေအနေကို ပေးနိုင်သော သို့မဟုတ် မတူညီသော အသက်ရှင်နေထိုင်မှု၌ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း အပါအဝင် စံသတ်မှတ်ချက် ကိုးချက်အနက် အနည်းဆုံးတစ်ချက်နှင့် ကိုက်ညီသော ရေဝပ်ဒေသများကို နိုင်ငံတကာ အသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရေဝပ်ဒေသများအားလုံးကို အကျိုးရှိစွာ စနစ်တကျ အသုံးချခြင်း၊ နိုင်ငံတကာအဆင့်အရေးပါသည့် ရေဝပ်ဒေသများ (ရမ်ဆာရေဝပ်ဒေသများ) ကို ထိန်းသိမ်းခြင်းနှင့် နိုင်ငံတကာပူးပေါင်းမှုများဖြင့် နယ်နိမိတ် ထိစပ်လျက်ရှိသော ရေဝပ်ဒေသများ၊ အဆိုပါရေဝပ်ဒေသများရှိ သားငှက်တိရစ္ဆာန်မျိုးစိတ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ် ၁၇ ရက်တွင် ရမ်ဆာရေဝပ်ဒေသ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် စတင်ပါဝင်ခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများ စီမံအုပ်ချုပ်သည့်အဖွဲ့အစည်း (Administrative Authority) အဖြစ် ရေဝပ်ဒေသ ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ရမ်ဆာရေဝပ်ဒေသများကို တည်ထောင်ထိန်းသိမ်းလျက်ရှိရာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ မုတ္တမပင်လယ်ကွေ့ ဒေသ (မွန်ပြည်နယ်အပိုင်း) ကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ၂၀၁၈ ခုနှစ်တွင်လည်းကောင်း၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း နိုင်ငံတကာ အသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြု ရေဝပ်ဒေသ စုစုပေါင်း ဧရိယာ ၂၇၈၆၉၇ ဟက်တာကျော်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ ရေဝပ်ဒေသများစွာရှိသည့်အနက် ရမ်ဆာရေဝပ်ဒေသ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရေဝပ်ဒေသများ ရှာဖွေဖော်ထုတ်ပြီး ထိန်းသိမ်းလျက်ရှိရာ မန္တလေးမြို့နှင့် စဉ့်ကိုင်မြို့အနီးရှိ ပလိပ်အင်းရေဝပ်ဒေသ၊ တံတားဦးမြို့အနီးရှိ ပျူကန်ရေဝပ်ဒေသ၊ ရောဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေ (ရောဝတီမြစ် စဉ့်ကူး- ပုဂံအပိုင်း)၊ ခန္တီးမြို့အနီး ချင်းတွင်းမြစ်အထက်ပိုင်းဒေသတို့သည် အလွန်အရေးပါသော ရေဝပ်ဒေသများဖြစ်သဖြင့် နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

### ရေဝပ်ဒေသများ ပျက်စီးဆုံးရှုံးမှုများ

ရေဝပ်ဒေသများသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ ဂေဟစနစ်တည်ငြိမ်ရေး၊ ရေကြီးရေလျှံခြင်းအပါအဝင် ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် စားနပ်ရိက္ခာဖူလုံရေး စသည့် အကျိုးကျေးဇူး များစွာပံ့ပိုးပေးလျက်ရှိသော်လည်း နိုင်ငံ၏ လူဦးရေတိုးတက်လာမှု၊ မြို့ပြများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အဆောက်အအုံများ တိုးချဲ့လာမှု၊ အမှိုက်သရိုက်များ၊ ပလတ်စတစ်များ၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ရွှေနှင့်ဓာတ်သတ္တုတူးဖော်ခြင်း လုပ်ငန်းများမှ ဓာတုစွန့်ပစ်ပစ္စည်းများစွန့်ပစ်မှု အပါအဝင် ပတ်ဝန်းကျင်အလွန်အမင်း ညစ်ညမ်းလာမှု၊ အိမ်ထောင်စုများမှ အညစ်အကြေးများ စွန့်ပစ်မှုနှင့် အခြားမြေအသုံးချမှုသို့ ပြောင်းလဲမှုများကြောင့် ရေဝပ်ဒေသများ ပျောက်ကွယ်ခြင်းနှင့် ပျက်စီးယိုယွင်းကာ အရည်အသွေး ကျဆင်းခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

ဥပမာအားဖြင့် ရေဝပ်ဒေသများမှ ရေကိုအလွန်အကျွံ ထုတ်ယူ၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ရေနက်ကွင်းစိုက်ပျိုးမြေများ ဖော်ထုတ်ခြင်း၊ ရွှေနှင့် ဓာတ်သတ္တု အမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်း စသည်တို့သည် မြစ်၊ ချောင်းများ၊ အင်းအိုင်များအပါအဝင် ရေဝပ်ဒေသများအတွင်းသို့ ရေစီးဆင်းမှုနှင့် ရေဝပ်ဒေသ၏ ရေလွှမ်းလွင်ပြင်ဧရိယာများကို ပြောင်းလဲစေပြီး ပံ့ပိုးလျက်ရှိသော ဝန်ဆောင်မှုများကို ထိခိုက်ပျက်စီးစေပါသည်။ မြန်မာနိုင်ငံတစ်ဝန်း အချို့သောမြို့များ၊ ဒေသများတွင် နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ အကြောင်းအရင်း အမျိုးမျိုးအနက် ရေဝေရေလဲဒေသ သစ်တောများ ပြုန်းတီးခြင်း၊ မြစ်ချောင်းများ တိမ်ကောလာခြင်းနှင့် ရေလျှံကွင်းများ၊ ရေဝပ်ဒေသများပျက်စီးခြင်း၊ ပျောက်ကွယ်လာခြင်းသည် အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ပါသည်။ အထူးသဖြင့် မြို့ပြများနှင့် ဆက်စပ်နေသော ရေဝပ်ဒေသများ၏ ရေစီးဆင်းသိုလှောင်နိုင်မှု စွမ်းရည်များ ကျဆင်းပြီး ရေကြီးရေလျှံခြင်းများ မကြာခဏဖြစ်ပေါ်ရခြင်း ဖြစ်ပါသည်။ ရေဝပ်ဒေသဂေဟစနစ် ယိုယွင်းပျက်စီးခြင်းကြောင့် ရေနေသတ္တဝါ အမျိုးမျိုး၊ ဒေသမျိုးရင်း ငါးမျိုးစိတ်များနှင့် ရေနေအပင်များ ဆုံးရှုံးပျောက်ကွယ်သကဲ့သို့ ရေလုပ်ငန်းများကို မှီခိုနေရသော ဒေသခံရေလုပ်ငန်းများ၏ လူမှုစီးပွားကျဆင်းစေပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေနိုင်ပါသည်။

### အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာ လုပ်ငန်းများ

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ဂေဟစနစ်တည်ငြိမ်ရေးအတွက် အလွန်အရေးပါသော ရေဝပ်ဒေသများထိန်းသိမ်းရေးကို နိုင်ငံအဆင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရန် "အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာ လုပ်ငန်းများ" ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရေဝပ်ဒေသများကို ကာကွယ်ခြင်း၊ အကျိုးရှိစွာအသုံးချခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များတွင် ရေဝပ်ဒေသတန်ဖိုးများကို

*စာမျက်နှာ ၁၇ သို့*

- ❖ **မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြု ရေဝပ်ဒေသ စုစုပေါင်း ဧရိယာ ၂၇၈၆၉၇ ဟက်တာကျော်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိ**
- ❖ **မန္တလေးမြို့နှင့် စဉ့်ကိုင်မြို့အနီးရှိ ပလိပ်အင်းရေဝပ်ဒေသ၊ တံတားဦးမြို့အနီးရှိ ပျူကန်ရေဝပ်ဒေသ၊ ရောဝတီလင်းပိုင်ထိန်းသိမ်းရေး နယ်မြေ (ရောဝတီမြစ် စဉ့်ကူး- ပုဂံအပိုင်း)၊ ခန္တီးမြို့အနီး ချင်းတွင်းမြစ် အထက်ပိုင်းဒေသတို့သည် အလွန်အရေးပါသော ရေဝပ်ဒေသများဖြစ်သဖြင့် နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၆ မှ*


ထည့်သွင်းခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပုဂ္ဂလိက ကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ သိမြင်နိုးကြားမှု မြှင့်တင်ခြင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေဝပ်ဒေသအစီအစဉ်များတွင် ပါဝင်ခြင်း စသည့် ရေဝပ်ဒေသမူဝါဒများနှင့်အညီ နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲကာ ရေဝပ်ဒေသများ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကိုလည်း ၂၀၁၆ ခုနှစ်ကစတင်ဖွဲ့စည်းခဲ့ပြီး ဆက်စပ်ဌာနများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

### ဆောင်းခိုငှက်များ နားခိုရာ

မြန်မာနိုင်ငံသည် ဂေဟစနစ်အရ အရေးပါသော ရေဝပ်ဒေသများပေါများသဖြင့် ဌာနေဒေသမျိုးရင်းငှက်မျိုးစိတ်များ ပေါကြွယ်ဝသကဲ့သို့ ကမ္ဘာ့အအေးပိုင်းဒေသများမှ လာရောက်ကြသော ဆောင်းခိုငှက်များကိုလည်း တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံသည် အရှေ့အာရှ-ဩစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်းတွင် ကျရောက်သဖြင့် သဘာဝဂေဟစနစ်များ ကောင်းမွန်ပြီး အစားအစာများနှင့် နားခိုရာနေရာ ပေါများသော မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများတွင် ဆောင်းခိုငှက်များ နှစ်စဉ်လာရောက်နားခို ကြပါသည်။ သစ်တောဦးစီးဌာန၏ နှစ်စဉ်ငှက်စာရင်းကောက်ယူမှုများအရ **၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၅၁ မျိုးနှင့် ကောင်ရေ ၄၁၅၆၃၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၁၉ မျိုးနှင့် ကောင်ရေ ၂၇၄၄၇၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၈၇ မျိုးနှင့် ကောင်ရေ ၃၂၁၅၁ နှင့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရေဝပ်ဒေသ၌ ငှက်မျိုးစိတ်ပေါင်း ၁၀၃ မျိုး၊ ကောင်ရေ ၃၀၅၂ ကောင်တို့ နေထိုင်ကျက်စားကြောင်း တွေ့ရှိရ**ပါသည်။

ဆောင်းခိုငှက် မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ် အောက်တိုဘာလမှ ဧပြီလအထိ ကျရောက်ကျက်စားကြပါသည်။ အဆိုပါငှက်မျိုးစိတ်များအနက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် စာရင်းဝင်နှင့် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN) ၏ Redlist စာရင်းဝင်ဖြစ်သော မျိုးသုဉ်းလုနီး အန္တရာယ်ရှိနေသော မျိုးစိတ် ရေညှောင့် နှုတ်သီးဝိုင်း (Spoon -billed Sandpiper - Calidris pygmaea- CR)၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသောမျိုးစိတ် နော်မန်ခြေစိမ်း (Nordmann's Greenshank-Tringa guttifer- EN)၊ နေဒွေ (Great Knot - Calidris tenuirostris-EN)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် အမြီးနက်ဂေါ့ဒွစ် (Black-tailed Godwit- NT) များသည် မုတ္တမပင်လယ်ကွေ့၊ နံ့သာ (မေယု) မြစ်ဝနှင့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိရပါသည်။

မျိုးသုဉ်းလုနီး အန္တရာယ်ရှိနေသော မျိုးစိတ်ပို့ချပ်ခေါင်းစိမ်း (Baer's Pochard-Aythya baeri- CR)၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် ပို့ချပ်ဘဲ (Common Pochard- Aythya ferina-VU)၊ မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော မျိုးစိတ် ဘဲနီစပ် (Ferruginous Pochard- Aythay nyroca-NT)၊ ခရုစုတ်အနက် (Black-headed Ibis-Threskiornis melanocephalus- NT)၊ နှုတ်သီးကောက်ကြီး (Eurasian Curlew- Numenius arquata- NT)၊ ဘဲတောင်ရှည် (Falcated Duck- Anas falcate-NT) နှင့် ဌာနေရေပျော်ငှက်များတွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် ကြိုးကြာခေါင်းနီ (Surus Crane - Antigone Antigone-VU)၊ မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် ငှက်ကြီးဝန်ပို (Spot-billed Pelican- Pelecanus philippensis- NT)၊ ဥပန်း (Oriental Darter- Anhinga melanogaster- NT) မျိုးစိတ်များအား အင်းတော်ကြီး၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိနိုင်ပါသည်။



အင်းလေးကန် ရေဝပ်ဒေသသို့ လာရောက်ကျက်စားကြသည့် ဆောင်းခိုငှက်များ။

### ကမ္ဘာ့ရေဝပ်ဒေသများနေ့

ကမ္ဘာ့ ရေဝပ်ဒေသများနေ့သည် ရေဝပ်ဒေသများ၏ တန်ဖိုးကို မီးမောင်းထိုးပြရန်အတွက် နှစ်စဉ် ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ အသိပညာပေး လှုပ်ရှားမှုတစ်ခုဖြစ်ပါသည်။ ဖေဖော်ဝါရီ ၂ ရက်သည် ၁၉၇၁ ခုနှစ်တွင် ချမှတ်ခဲ့သော အစိုးရအချင်းချင်း သဘောတူစာချုပ်ဖြစ်သည့် Wetlands Convention ၏ နှစ်ပတ်လည်နေ့ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာအဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံက ရေဝပ်ဒေသ ထိန်းသိမ်းရေး အရှိန်အဟုန်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်အတွက် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဦးတည်ချက်ဆောင်ပုဒ်မှာ **“ရေဝပ်ဒေသများတည်တံ့ဖို့၊ ခုချိန်ကစ ပြန်လည် တည်ထောင်ထိန်းသိမ်းစို့”** (It is time for Wetland Restoration) ဖြစ်ပါသည်။ ကမ္ဘာ့ရေဝပ်ဒေသများ၏ ၃၅ ရာခိုင်နှုန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထို့ကြောင့် ယခုနှစ်၏ ဆောင်ပုဒ်သည် ရေတိမ်ဒေသများ ပြန်လည်ထူထောင်ရေးကို ဦးစားပေးလုပ်ဆောင်ရန် အရေးတကြီး လိုအပ်မှုကို မီးမောင်းထိုးပြပြီး ပျက်စီးသွားသော ရေတိမ်ဒေသများ ပြန်လည်ရှင်သန်ရန်နှင့် ပြန်လည်ထူထောင်ရန် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် မျိုးဆက်သစ်တစ်ရပ်လုံးအား တိုက်တွန်းထားခြင်း ဖြစ်ပါသည်။

ကမ္ဘာ့ရေဝပ်ဒေသများနေ့ဆောင်ပုဒ်သည် ကုလသမဂ္ဂ ဂေဟစနစ်ပြန်လည်ထူထောင်ရေး ဆယ်စုနှစ် (၂၀၂၁-၂၀၃၀) ကို ပံ့ပိုးပေးလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အမျိုးမျိုးပြန်လည်ထူထောင်ရေးအတွက်လည်း လှုံ့ဆော်ပေးလျက်ရှိပါသည်။ ရေဝပ်ဒေသများက လူသားမျိုးနွယ်များနှင့် ကမ္ဘာမြေအတွက် အကျိုးပြုမှုများကို ပြည်သူများ သိရှိနားလည်မှု တိုးမြင့်လာစေရန် ရည်ရွယ်ပြီး ရေဝပ်ဒေသများ ထိန်းသိမ်းခြင်း၊ အကျိုးရှိစွာ အသိအလိမ္မာနှင့် အသုံးပြုခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဖြစ်ပေါ်စေမည့် ဆောင်ရွက်ချက်များကို အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ကျင်းပခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ကျရောက်တိုင်း သစ်တောဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် ပူးပေါင်းပြီး **“ကမ္ဘာ့ရေဝပ်ဒေသများနေ့”** အထိမ်းအမှတ် အခမ်းအနားများကို အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပနိုင်ခဲ့ပါသည်။ အထူးသဖြင့် ရေဝပ်ဒေသများ ထိန်းသိမ်းရေးအတွက် အရေးကြီးသည့် သတင်းအချက်အလက်များ ပြည်သူများ၊ အကျိုးဆက်စပ် ပတ်သက်သူများထံ သတင်းပါးနိုင်ရေးအတွက် သတင်းမီဒီယာ အမျိုးမျိုးဖြင့် ဖြန့်ဝေခြင်း၊ ဆွေးနွေးပွဲများ၊ ပြပွဲပြိုင်ပွဲများ ကျင်းပခြင်း၊ ပညာရေးအစီအစဉ်များတွင် ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း၊ ဒေသခံပြည်သူများ အပါအဝင် အကျိုးဆက်စပ်ပတ်သက်သူများပူးပေါင်းပါဝင်စေခြင်းနှင့် ရေဝပ်ဒေသဆိုင်ရာ သိမြင်နိုးကြားမှု တိုးပွားလာစေရန် ဆောင်ရွက်ခြင်း (Communication, Education, Participation and Awareness-CEPA) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရေဝပ်ဒေသများ ထိန်းသိမ်းရာတွင် အကောင်းဆုံးသော နည်းလမ်း ခုနစ်သွယ်ကို အကောင်အထည်ဖော်ရန် ကမ္ဘာ့ရေဝပ်ဒေသကွန်ဗင်းရှင်းက တိုက်တွန်းထားပါသည်-

(က) ရေဝပ်ဒေသများမှ ပံ့ပိုးထောက်ပံ့သော ဝန်ဆောင်မှုတစ်ခု သို့မဟုတ် နှစ်ခုကိုသာမက အမျိုးမျိုးသော အကျိုးကျေးဇူးများနှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်ရန် စဉ်းစားဆောင်ရွက်ခြင်း၊

(ခ) ရေဝပ်ဒေသ ဂေဟစနစ်များ သဘာဝအလျောက် ပြန်လည်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း၊

(ဂ) ရေဝပ်ဒေသများ ထိန်းသိမ်းရာတွင် စီမံချက် ရေးဆွဲခြင်းမှသည် အကောင်အထည်ဖော်သည်အထိ ဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်း၊

(ဃ) ရေဝပ်ဒေသများ ပျက်စီးဆုံးရှုံးရခြင်း အကြောင်းအရင်းများကို ရှာဖွေဖော်ထုတ် ဖြေရှင်းခြင်း၊ လျော့ပါးစေရန် ကန့်သတ်ခြင်းနှင့် ပင်မဧရိယာမှ ဖယ်ထုတ်ခြင်း၊

(င) ပျက်စီးနေသော ရေဝပ်ဒေသများကို ရှင်းလင်းခြင်းနှင့် ဖြစ်နိုင်သမျှ ပြန်လည်ထူထောင်ခြင်း၊

(စ) ဒေသမျိုးရင်း တောရိုင်းတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များ ထိန်းသိမ်းခြင်းနှင့် ပြင်ပမှ မျိုးစိတ်များကို ဖယ်ရှားခြင်း၊

(ဆ) ရေဝပ်ဒေသများအတွင်း ဂေဟစနစ်အပေါ်မူတည်၍ ဝင်ရောက်သွားလာမှု ကန့်သတ်ဧရိယာများ ခွဲခြားထားခြင်း၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးနယ်မြေများ၊ ပြည်သူများ လာရောက်လည်ပတ်နိုင်သော နေရာများ ခွဲခြားထားခြင်း။

ရေဝပ်ဒေသများ ထိန်းသိမ်းရေးတွင် အဓိကအခန်းကဏ္ဍမှ ဦးဆောင်နေသော ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ရေဝပ်ဒေသများ ထိန်းသိမ်းရေးတွင် စိတ်အားထက်သန်စွာ ဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့အစည်းများအပါအဝင် ရန်ပုံငွေကြေးပံ့ပိုးထောက်ပံ့လျက်ရှိသော အဖွဲ့အစည်းများ၊ ဂေဟစနစ် ထိန်းသိမ်းရေးကို ဦးဆောင်မှုပြုနေသော ဒေသခံပြည်သူအစုအဖွဲ့ခေါင်းဆောင်များ၊ ရေဝပ်ဒေသများနှင့် ဆက်စပ်လျက်ရှိသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ပညာရေးကဏ္ဍမှ ဆရာဆရာမများ၊ ဂေဟစနစ်ထိန်းသိမ်းရေး ပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်နေသူများအားလုံး တက်ကြွစွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရေဝပ်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

### ခုချိန်ကစ ပြန်လည်ထိန်းသိမ်းစို့

လူဦးရေတိုးတက်လာမှု၊ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အရေးကြီးသော ရေဝပ်ဒေသများ ပျက်စီးပျောက်ကွယ်လာခြင်းကြောင့် ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြရလျက်ရှိပါသည်။ ရေဝပ်ဒေသများအပါအဝင် ဆက်စပ်ဂေဟစနစ်များကို ထိန်းသိမ်းခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းများက ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်ချင်းအဆင့်မှသည် အဖွဲ့အစည်းအဆင့်၊ ရပ်ကွက်ကျေးရွာအဆင့်မှသည် နိုင်ငံတော်အဆင့်အထိ ဆောင်ရွက်နိုင်သော လုပ်ငန်းများလည်း ဖြစ်ပါသည်။ ရေဝပ်ဒေသများ ထိန်းသိမ်းခြင်း လုပ်ငန်းများကို မိမိတို့လုပ်နိုင်သည့်အဆင့်မှ စတင်လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတကာ အသိအမှတ်ပြုရမ်ဆာရေဝပ်ဒေသများတွင် ဆောင်ရွက်ဆဲ ရေဝပ်ဒေသ ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အခြားအလားအလာကောင်းသော ရေဝပ်ဒေသများကိုလည်း ခုချိန်မှစတင်ကာ ဝိုင်းဝန်းထိန်းသိမ်းကြရန် အလွန်အရေးကြီးပါသည်။ သို့မှသာ ရေဝပ်ဒေသများ ရေရှည်တည်တံ့ပြီး ရေဝပ်ဒေသများမှ ပံ့ပိုးသော အကျိုးကျေးဇူးများစွာကိုလည်း အပြည့်အဝရရှိ ခံစားနိုင်မည်ဖြစ်ကာ နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း **“၂၀၂၃ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့”** ကို ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်နေ ခင်ဖုန်းဇော်(ခ) စုလှိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Su Hlaing Win" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်နေ ချစ်မင်းနိုင်သည် ၎င်းအသုံးပြုသည့် "Chit Min Naing" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ မင်းတဲရပ်ကွက်နေ စန်းအောင်သည် ၎င်းအသုံးပြုသည့် "U San Aung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်နေ ပြည့်ဖြိုးလင်း(ခ) ကိုဖြိုးသည် ၎င်းအသုံးပြုသည့် "Phyaephyo Lin" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့နေ ခန့်ခန့်ဟိန်းသည် ၎င်းအသုံးပြုသည့် "Khant Khant Hein" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဇင်)အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ လာရောက်မီးရှို့ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဇင်) ကို ယနေ့ မွန်းလွဲပိုင်းတွင် PDF အမည်ခံ အကြမ်းဖက် သမားများက အကြောင်းမဲ့ လာရောက်မီးရှို့ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာ အထက်တန်းကျောင်း (ညောင်ဇင်)အား မီးရှို့ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် စာသင်ဆောင် နှစ်ဆောင်နှင့် ခန်းမ တစ်ဆောင်တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။ **(ဓာတ်ပုံ)**



အခြေခံပညာ အထက်တန်းကျောင်း(ညောင်ဇင်)၌ လက်ရှိအချိန်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေခြင်း မရှိဘဲ ကျောင်းသား ကျောင်းသူများအနေဖြင့် ထားဝယ်မြို့ရှိ စာသင်ကျောင်းများနှင့် ညောင်ဇင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတို့တွင် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ ပညာရေးဆိုင်ရာ အဆောက်အဦများအား အကြောင်းမဲ့ လာရောက်မီးရှို့ဖျက်ဆီးခဲ့သူများနှင့် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ Drone အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူ နှစ်ဦး ဒဏ်ရာရရှိပြီး ဒေသခံပြည်သူ နှစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူ နှစ်ဦးတို့ ဒဏ်ရာ ရရှိခဲ့ပြီး ဒေသခံပြည်သူ နှစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီခွဲခန့်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ရွှေဂွန်းကျေးရွာအတွင်းသို့ Drone ယာဉ် နှစ်စင်းအသုံးပြု၍ Drop Bomb များဖြင့် အကြောင်းမဲ့ ပစ်ချတိုက်ခိုက်ခဲ့ရာ ကျေးရွာအတွင်းရှိ နေရာနှစ်နေရာသို့ Drop Bomb နှစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထိုသို့ ကျရောက်ပေါက်ကွဲခဲ့သည့် နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံများက သွားရောက်စစ်ဆေးလျက်ရှိစဉ် Drop Bomb တစ်လုံး ထပ်မံကျရောက်ပေါက်ကွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူ နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး ဒေသခံပြည်သူ နှစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တောင်ကလေးရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ချိန်ခါမရွေး**
**သတိပေး**
**မီးဘေးကင်းဝေးမှာ**

## KNLA အဖွဲ့မှ ထောင်ထားသည့် ဒေသန္တရကားမိုင်းတစ်လုံးအား မော်တော်ယာဉ်တစ်စီး နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ လေးဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ဘက်မှ နတ်သံကွင်းဘက်သို့ ဒေသထွက်ပစ္စည်းများ ရောင်းချရန် မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးသည် ယနေ့ နံနက်ပိုင်းတွင် နတ်သံကွင်း- ကျောက်ကြီးသွား ကားလမ်းပေါ်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများ ထောင်ထားသည့်ဒေသန္တရကားမိုင်းတစ်လုံး နင်းမိပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ လေးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကျောက်ကြီးမြို့ ကပ်ကျေးရပ်ကွက်နေသူများဖြစ်သည့် ဦးအောင်အောင် မောင်းနှင်ပြီး ဒေါ်ဇာခြည်ဦး၊ မောင်လွင်ကိုအောင်၊ မောင်အောင်သူရမျိုးလွင်နှင့် အသက် ခုနစ်နှစ်အရွယ် မရှင်းသန့်လင်းတို့ လိုက်ပါ၍ ဒေသထွက်ပစ္စည်းများ ရောင်းချရန် မောင်းနှင်လာသည့် မော်တော်ယာဉ်သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် နတ်သံကွင်း- ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ ညောင်ကုန်းတံတား ရှောင်ကွင်းလမ်းသို့အရောက်၌ KNLA အဖွဲ့မှ ထောင်ထားသည့် ဒေသန္တရကားမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မိုင်းပေါက်ကွဲမှုကြောင့် မော်တော်ယာဉ် ပျက်စီးခဲ့ပြီး **(အောက်ပုံ)** ယာဉ်ပေါ်ပါ အပြစ်မဲ့ပြည်သူ လေးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် မိုင်းပေါက်ကွဲသည့်နေရာအား ပြန်လည်ပြုပြင်ပြီးစီး၍ လူနှင့်ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့် အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အနော်ရထာတံတား(ချောက်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် (၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် (၄)နှင့် (၅)အကြားမှလည်းကောင်း သတ်မှတ်ပေးထားပါသည်။ ယခုအခါ တံတားမြစ်ကြမ်းပြင် မြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်၊ အဆန် ရေလမ်းကြောင်းကို ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်တွင် ပြောင်းလဲဖွင့်လှစ်မည် ဖြစ်ပါသည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိပါသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားပါမည်။ တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** က ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

### မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်၊ ပင်းတယမြို့၊ ကူးကော်ကျေးရွာအုပ်စု၊ ချုပ်ချက်ကျေးရွာနေ (ဦးစံရွှေ)-ဒေါ်အေးမြင့်တို့၏ မွေးစားသမီးဖြစ်သူ မစန်းမြင့် ၁၃/ပတယ(နိုင်) ၀၇၂၄၄၅ သည် မိဘများ၏ဆိုဆုံးမစကားကို နားမထောင်ခြင်း၊ မိဘများကို စိတ်ဆင်းရဲအောင်လုပ်ပြီး အမျိုးမျိုးဆိုးသွမ်းရိုင်းစိုင်းနေသည့်အပြင် မိမိသဘော ဆန္ဒအရ ပြုမူဆောင်ရွက်နေပါသဖြင့် မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

မွေးစားမိခင်-ဒေါ်အေးမြင့် ၁၃/ပတယ(နိုင်)၀၂၆၀၃၃

## ချောက်မြို့၌ အလုပ်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ(ငွေလုံးငွေရင်း)အကျိုးခံစားခွင့်ပေးအပ်

**ချောက် ဖေဖော်ဝါရီ ၃**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးရုံး၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ (ငွေလုံးငွေရင်း)အကျိုးခံစားခွင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၂) ရေနံရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်မြတ်မြတ်ဦးနှင့် တာဝန်ရှိသူများ၊ ချောက်/လမ်းရွာရေနံမြေအထွေထွေမန်နေဂျာ ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ Gold Petrol Co., Ltd မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်မြတ်မြတ်ဦးမှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီး တာဝန်ခံအရာရှိက မြို့နယ် လူမှုဖူလုံရေးရုံး ချောက်မြို့၌ အကျုံးဝင်မှတ်ပုံတင်ထားသော Gold Petrol Co., Ltd မှ အာမခံအလုပ်သမား ဦးဝင်းမြင့်လှိုင်၏ အလုပ်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၈၁၀၈၂၃၅ အား ဇနီးဖြစ်သူ ဒေါ်ဝေဝေလွင်ထံ ပေးအပ်သည်။ **ကျော်မိုး(ပြန်/ဆက်)**






### မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အလက(ခွဲ) ရွာသာညွှန့် Grade-8 မှ မောင်မင်းထက်ကြွယ်၏ မိဘအမည်မှန်မှာ ဦးကျော်ကျော်မိုး ၃/လဘန(နိုင်)၀၂၅၅၀၅ နှင့် ဒေါ်မူမူချို ၈/ပဖန(နိုင်)၀၈၅၉၈၂ ဖြစ်ပါကြောင်း။

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဘုရားငါးဆူကျေးရွာ အထက(ခွဲ) Grade (2) မှ (ဘ) ဦးဝင်းရွှေ ၉/သစန(နိုင်) ၀၄၇၅၁၀ ၏သား မောင်ဘုဏ်းဇပ္ပူရွှေလျှံကို ၏ အမည်မှန်မှာ မောင်ဘုဏ်းဇမ္ဗူရွှေလျှံကို ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ် (၇)ရပ်ကွက်နေ ဒေါ်ခင်ညို ၉/မခန(နိုင်)၀၂၉၆၃၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြင်းခြံမြို့၊ အမှတ် (၇)ရပ်ကွက်၊အကွက်အမှတ်(၁၈၊ ကွေ့ကြီး အရှေ့)၊ မြင်းခြံ၊ ဦးပိုင်အမှတ်(၃၅/ဃ)၊ ဧရိယာ ၀ဒသမ ၀၅၈ ဧက နှင့် မြင်းခြံမြို့၊ အမှတ်(၇) ရပ်ကွက်၊ အကွက်အမှတ်(၁၈၊ ကွေ့ကြီးအရှေ့)၊ မြင်းခြံ၊ ဦးပိုင်အမှတ်(၃၅/က)၊ ဧရိယာ ၀ဒသမ ၀၅၇ ဧကရှိ ကွယ်လွန်သူ ဦးစိန်ထွန်း အမည်ပေါက်၊ ဘိုးဘပိုင်ဝိုင်းမြေကွက်အား ဦးစိန်ထွန်း၏ တစ်ဦး တည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ညိုအမည်သို့ ပြောင်းလဲရန် လျှောက်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြေ ညာသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ညို၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်အေး (B.A,H.G.P)
အထက်တန်းရှေ့နေ(စဉ်-၁၉၆၂၄)
အမှတ် ၁(တိုးချဲ့)၊ မြင်းခြံမြို့

## သွေးသည် အသက်

### ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
လှိုင်လင်ခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၁

| | | |
|---|---|---|
| ကိုဟိန်းမင်းထွန်း | နှင့် | ၁။ ဒေါ်ဇင်မာထွန်း |
| | | ၂။ ဒေါ်နှင်းဖြူဖြူထွန်း |
| | | ၃။ ဒေါ်အိမွန်မွန်ထွန်း |
| | | ၄။ ဦးခွန်မျိုးနောင် |
| | | ၅။ ဒေါ်လှရီ |
| တရားလို | | တရားပြိုင်များ |

လှိုင်လင်မြို့၊ အမှတ်(၂)၊ ရပ်ကွက်(၂)၊ဂေါက်ကွင်းလမ်းနေ ၁။ ဒေါ်ဇင်မာထွန်း၊ ၂။ ဒေါ်နှင်းဖြူဖြူထွန်း၊ ၃။ဒေါ်အိမွန်မွန်ထွန်း(ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကိုဟိန်းမင်းထွန်းက နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်း အဝယ်စာချုပ်သည် တရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာ၍ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ၊ရှေ့နေ ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၄ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ကျော်မိုး)
ခရိုင်တရားသူကြီး
လှိုင်လင်ခရိုင်

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ခွဲတကက ဇော်သန်း (ကိုယ်ပိုင်အမှတ်-၈၁၈၉၆၅)၊ မှတ်ပုံတင်အမှတ် ၇/ပတန(နိုင်)၁၈၃၅၁၉ (ဘ)ဦးသိန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၃၇၅၇ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင် အမွေခံမိခင်ဖြစ်သူ ဒေါ်ကြည်သန်း ၇/ပတန(နိုင်)၀၅၂၃၈၁ (ဘ)ဦးအေးမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်း ချလန်မိတ္တူ၊ ခွဲ-တကက ဇော်သန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက် ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှား စာချုပ်ချုပ် ထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## တရားမဝင် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်း မရှိသည့် Engine Oil လီတာ ၁၀၂၀ အပါအဝင် လူသုံးကုန်ပစ္စည်း ၄ မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၈၈၈၅၆၀) နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၈၈၈၅၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

အလားတူ ဖေဖော်ဝါရီ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်(သွင်းကုန်)၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၈၈၃၇၇၉) ကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှော သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လက်ကိုင်စကားပြောစက် ငါးလုံး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀) ကို လည်းကောင်း၊ အကောက်ခွန် လှုပ်ရှားစစ်ဆေးရေး အဖွဲ့က ရန်ကုန် - ဘားအံ - မြဝတီလမ်း ကြောင်းပေါ်တွင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်- ဘားအံ - မြဝတီလမ်းကြောင်း၊ အမှတ်(၂)လမ်းမ၊ လေးဒေါင့်ကန် ကျေးရွာအနီးတွင် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော PVC- Skirting ၁၂၂၃၀ ကီလိုဂရမ် အပါအဝင် လုပ်ငန်းသုံးပစ္စည်း ၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၃၃၀၂၉)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Tractor- Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၇၆၄၁၆၈၀၈ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေး ယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့ ရွှေသံလွင်တိုးဂိတ်၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော် ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် ကား တာယာအဟောင်း ၅၅၄ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၃၀၀၀၀) နှင့် အဆိုပါကုန် ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၅၃၀၀၀၀ ကို ဖမ်းဆီးရမိ ခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ အရှေ့ပိုင်းခရိုင် လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိရေးအဖွဲ့ ဦးဆောင် သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ ရာ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီလမ်းမကြီး (၄) ရပ်ကွက် အနီးတွင် Nissan Note အမျိုး အစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀)ကို စစ်ဆေးတွေ့ ရှိသဖြင့် ဖမ်းဆီးအရေးယူဆောင် ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

၎င်းအပြင် ဖေဖော်ဝါရီ ၃ ရက် တွင် ကရင်ပြည်နယ်တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတား (ဘားအံ) စုပေါင်း စစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသုံးဆီ လီတာ ၉၆၀၊ Milo (Nestle) ဗာ ၂၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Nissan Caravan အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၄၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေး ယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၃၁ ရက်၊ ဖေဖော်ဝါရီ၁ ရက်နှင့် ၃ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၉၃၇၅၃၆၈) ဖြစ် ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ မှ သိရသည်။ **သတင်းစဉ်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၆၀ ဆူ | ၁၆၀ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၂ | - | ၂ |
| ၄။ | ဝေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၁ ခန်း | ၃၈၄ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၇၅ ကျင်း | ၂၀၄၄. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈ ကျင်း | ၂၇ ကျင်း | ၁၉၁ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၁ ကျင်း | ၂၃ ကျင်း | ၅၈၈၈ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆ ကျင်း | ၃၁၀ ကျင်း | ၁၄၂၆ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၂၈ သိန်း | ၁၇၄၀၃ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၃ စုံ | ၄၉၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆**

အကြီးစားပွဲရုံ ၊ လူနေဆိုင်ခန်း ၊ လုံးချင်းအိမ်ရာအဆောက်အဦး များ ၂၀၂၃ နှစ်ဦး အထူး ပရိုမိုးရှင်း (၁.၂.၂၀၂၃ မှ ၃၁.၃.၂၃)ထိ
စီးပွားရေး ငွေကြေး ရင်းနှီးမြှုပ်နှံလိုသူများ အမြန်ဆက်သွယ်ပါ။
အင်းစိန်မြို့နယ် ၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်ရှိ တည်းကုန်း ခေတ်မီ အဆင့်မြင့်လက်ကားဈေးသစ်ကြီး၌ တည်ဆောက်လျက်ရှိသော ပေ ၄၀ × ပေ ၆၀ မြေပေါ်ရှိ နှစ်ခန်းတွဲ ၊ လေးထပ်ခွဲတိုက်များနှင့် နှစ်ခန်းတွဲ ၊ သုံးထပ်ခွဲတိုက်များကို လုံးချင်းသော်လည်းကောင်း၊ တစ်ခြမ်းချင်းသော်လည်းကောင်း၊ တစ်ခန်းချင်းစီသော်လည်းကောင်း အထူးသက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းချပေးနေပါပြီ။ (နာမည် အမည်ပေါက်ရမည်။ )
ဖုန်း–၀၉ ၅၀၀၀၆၇၃ ၊ ၀၉ ၅၀၁၅၆၄၇ ၊ ၀၉ ၅၁၅၁၅၇၆၊ ၀၉ ၄၂၈၆၂၄၃၆၃
ရှီးမဘဏ်၊ ရောဝတီဘဏ်တို့နှင့်လည်း ချိတ်ဆက်၍ဝယ်ယူနိုင်ပါသည်။
မူလရောင်းဈေးထက် (၁၀)ရာခိုင်နှုန်းအထူးလျှော့ဈေး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြည်မြို့နယ်တရားရုံးတော်၌
၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၁၄၀

ဒေါ်ထက်ထက်အောင်(ခ)စလ်မာဘီ နှင့် ဦးမင်းခန့်ဇော်(ခ)အက္ကရမ်
တရားလို တရားပြိုင်

ဦးမင်းခန့်ဇော်(ခ)အက္ကရမ် (ဘ)ဦးမိုဟာမက်ဟာရှင်၊ စိန်ကလေးလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့နေသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ထက်ထက်အောင်က တရားလိုနှင့်ပတ်သက်သည့် အကြောင်းအရာ ဓာတ်ပုံများကို ဖေ့ဘုတ်လူမှုကွန်ရက်တွင် လွှင့်တင်၍ တရားလိုအား ထိခိုက်နစ်နာစေသည့် ပြုလုပ်မှုများကို ဖျက်သိမ်းစေရန်နှင့် ဆက်လက်၍လည်း မပြုလုပ်စေရန် ထာဝရတားဝရမ်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်နှင့်ဖြစ်စေ၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုမှ ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးမိုးနိုင်)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
ပြည်မြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း
ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ ရေးလမ်း၊ အမှတ် ၈၅ နေ ဦးအောင်မြင့်၏ သမီးဖြစ်သူ မဖြူဇင်မိုးနှင့် မသီသီစိုးတို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်
၂၂–၁–၂၀၂၃ရက်နေ့မြန်မာ့အလင်း သတင်းစာ၊စာမျက်နှာ(၂၁)၊ကော်လံ(၆) ပါဒဂုံတောင်မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်–၆၄၊စက်မှုဇုန်၊မြေကွက်အမှတ်(၄၀၁)၊ဒေါ်ထွေးကြည်၏ကွယ်လွန်ရက်စွဲအား(၂၅–၅–၁၉၉၈)အစား (၂၅–၅–၁၉၉၈)ဒေါ်စိန်လှိုင်ကွယ်လွန်ရက်စွဲအား(၇–၁၀–၂၀၁၅)အစား (၅–၁၀–၂၀၁၅)ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း
ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဒေါ်မာလာညွန့် ၁၂/ရကန(နိုင်) ၀၄၉၆၀၉နှင့် ဦးတင်ဖြိုးလွင် ၁၂/ရကန(နိုင်)၀၆၄၀၀၇ တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ် (၁၀၈၈)ရှိ မြေတိုင်းရပ်ကွက် (၄၅)၊ မြေကွက်အမှတ် (၁၀၈၈)ရှိ ပေ (၂၀x၆၀) နှစ် ၆၀ ဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်တိုက် အဆောက်အအုံတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီဂီအေး ၁၂/တမန(နိုင်) ၀၉၁၂၃၂ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဥမ္မာဦး (LL.B)
တရားလွှတ်တော်ရှေ့နေ
ဖုန်း–၀၉–၄၂၁၀၈၀၃၂၅

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ ရောဝဏ်လမ်း၊ အင်းဝအိမ်ရာ အတွင်းရှိ တိုက်အမှတ် ၃၁၊ အခန်းအမှတ် ၀၀၃၊ 900 sqft အကျယ်အဝန်းရှိသော ဒေါ်မြမြခင် အမည်ပေါက် မြေညီတိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ ရေမော်တာ၊ မီတာ Air–Con(၃)လုံး၊ ရေပူရေအေး၊ လူနေထိုင်ခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးအောင်အောင် ၁၂/ကမရ(နိုင်) ၀၁၉၅၀၈နှင့် ဒေါ်အေးအေးမျိုး ၁၂/သဃက(နိုင်)၀၁၆၇၅၇ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဦးစန်းသွင် ၁၂/ဒဂန(နိုင်)၀၀၃၈၄၇က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့် တကွ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစန်းသွင် ၁၂/ဒဂန(နိုင်)၀၀၃၈၄၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်အေးဝင်း (LL.B)
အထက်တန်းရှေ့နေ(စဉ်–၅၂၅၈၂/၂၇–၄–၂၀၂၀)
ဖုန်း–၀၉–၇၉၆၇၆၄၈၉၈

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း
ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဦးပေါက်ကျိုင်းလမ်း၊ အမှတ် ၆၅နေ ဦးကျော်သူ အောင် ၇/ပမန(နိုင်)၀၆၉၈၃၆ ကိုင်ဆောင်သူသည် အောက်ပါ အမှတ်တံဆိပ်အား ပြည်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်–

RIVER KING

စာချုပ်အမှတ်(၀၀၂/၂၀၂၃(နေ့စွဲ–၂၇–၁၂–၂၀၂၂)

အထက်ဖော်ပြပါ အမှတ်တံဆိပ်အား သောက်ရေသန့်(ဘူးကြီး၊ ဘူးလတ်၊ ဘူးသေး)ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့တွင် ကပ်နှိပ်ဖော်ပြ အသုံးပြုလျက်ရှိပြီး လုပ်ငန်း၏ ဆိုင်းဘုတ်၊ ဘလောက်၊တီဗီ၊ မဂ္ဂဇင်း၊ စာစောင်၊ကြော်ငြာ၊ သတင်းစာကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ငွေပြေစာ ဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letter Head,Internet, Website, Facebook အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများ တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီတရားစွဲဆို အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်သူအောင်၏ လွှဲအပ်ချက်အရ
ဦးဝေလင်းသက်နိုင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ
ဦးဟန်နိုင်ထွန်း(LL.B) အထက်တန်းရှေ့နေ
အမှတ် ၉၁၊ လမ်းမတော်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့
ဖုန်း– ၀၉–၅၃၆၀၃၂၉၊ ၀၉–၄၃၀၉၄၆၄၅

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်–ရွှေနံ့သာစံပြ၊ မြေကွက်အမှတ်–၉၅၊ လူနေရပ် ကွက်–ရွှေနံ့သာစံပြကျေးရွာ၊ သရဖီလမ်းနှင့် ရွှေနံ့သာစံပြ(၃)လမ်းထောင့်၊ အမှတ်–၉၅ဟုခေါ်တွင်သော အလျားပေ ၈၀xအနံ ၆၅ပေ၊ ဧရိယာ စတုရန်းပေ ၅၂၀၀ရှိ ဦးဝင်းသန်းအမည်မှ ဒေါ်လှရီ အမည် ပေါက်သို့ ပြောင်းလဲထားသော နှစ် ၆၀ ဂရန်ရှိမြေ ကွက်ကြီးထဲမှ အလျားပေ ၄၀xအနံပေ ၆၅ပေရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်ဝယ်ယူ ပိုင်ဆိုင်လာသူ ဒေါ်သီဂီဆွေ ၁၂/ခရန(နိုင်)၀၀၃၂၄၉ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စုစုခိုင်က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ် စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဝင်းထွဋ် (LL.B)
အထက်တန်းရှေ့နေ (စဉ်–၂၄၅၂၈)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝန်း၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း–၀၉–၇၈၄၄၁၁၁၇၅

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက် အမှတ် ၆၅၈/ခ၊ ဧရိယာ (၂၀'x၆၀') မြေကွက်တည်နေရာအမှတ် (၆၅၈/ခ)၊ ရန်အောင် လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှမြင့် ၇/သကန(နိုင်) ၀၈၀၂၅၃ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးလှမြင့် (ဖခင်)နှင့် (မိခင်) ဒေါ်ထားထား ၇/သကန(နိုင်)၀၈၀၂၅၄တို့ အသီးသီး (ကွယ်လွန်)၊ ၎င်းတို့၏သား/သမီး (၃)ဦးအနက်၊ သမီး(၁)ဦးဖြစ်သူ ဒေါ်မွန်မွန် လှမြင့် ၁၂/တမန(နိုင်) ၁၀၃၃၁၀သည် အပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးမွေး စားခဲ့ခြင်းမရှိဘဲ၊ ကွယ်လွန်သဖြင့် ကျန်သား/သမီးများဖြစ်ကြသော ဦးမင်းမင်းဦး ၁၂/တမန(နိုင်)၀၉၉၆၆၉၊ ဒေါ်မြတ်သန္တာ ၇/မညန(နိုင်)၀၆၆၂၄၉တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၁၅/၂၀၂၂) (၅–၁၂–၂၀၂၂)ရသူ ဦးဇော်မြင့် ၁၂/လကန(နိုင်)၀၃၀၉၈၆မှ GP ပေးသူ သက်ရှိထင်ရှားရှိပြီး ပါဝါမရုပ်သိမ်းကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မိဘများတွင် ကျန်ရစ်သူသား/ သမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ (၂)ဦးသာလျှင် တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားသောသား၊ သမီးမွေးချင်းတစ်ဦးတစ်ယောက် မျှမရှိကြောင်း၊ ကိတ္တိမမွေးစား သား၊ သမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝ မရှိကြောင်း ဦးမင်းမင်းဦးနှင့် ဒေါ်မြတ်သန္တာတို့၏တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးလှမြင့်၊ ဒေါ်ထားထားနှင့် ဒေါ်မွန်မွန် လှမြင့်တို့၏ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အိမ်ထောင်စု လူဦးရေစာရင်း၊ GP မူရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ
ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တမိုင်ဝန်ထမ်း ကွက်သစ်အိမ်ရာ၊ ပုလဲလမ်း၊ မြေကွက် အမှတ် GII B ၁၈၉၊ စာရင်းအမှတ် W–၃၀၊ အလျား ၅၀ပေ၊ အနံ ၆၀ပေ ရှိ မြေကွက်အား စာချုပ် အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်သူဟု အဆိုရှိသူ ဒေါ်ဌေးဌေးသန်းထံမှ ၎င်းမြေကွက်အား ကျွန်ုပ်မှ ငွေအပြေအကျေ ပေးချေဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ အနေဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဦးကိုကိုဇော်
၁၂/အစန(နိုင်)၁၆၆၄၀၀
ဖုန်း–၀၉–၄၂၇၇၉၆၈၉၄၊ ၀၉–၇၅၀၃၆၀၉၂၆

## အများသိစေရန်ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ဝေဘာဂီ(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ် ၂၈၄ ဟုခေါ်တွင်သည့် မြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက်၏ အလျား ၁၃ပေ x အနံ ၄၇ပေ အကျယ်ရှိ မြေညီထပ်(ညာ)တိုက်ခန်းအား မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံ ကတိပြုသူ ဦးသက်နိုင်ဦး ၁၂/ဥကမ(နိုင်)၀၂၂၄၀ ထံမှ ယင်းတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ၊ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကိုကိုစံ(LL.B) အထက်တန်းရှေ့နေ(စဉ်–၂၅၁၈၅)
ဖုန်း–၀၉–၇၈၃၆၆၇၅၂၂၊ ၀၉–၄၂၁၀၆၅၄၁၅

## ကန့်ကွက်နိုင်ပါသည်
